အရိယသစ္စာန ဒဿနံ စေတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ ဦးတန်ခူးလကွယ်နေ့၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၉၈)

မြန်မာနိုင်ငံနှင့်ကမ္ဘာသူကမ္ဘာသားများ အေးချမ်းစေရန် ဆရာတော်ကြီးများဝေဟင်မှပရိတ်ရေများဖြင့်ပက်ဖျန်း

ရန်ကုန် ဧပြီ ၁၇

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မဟာဗောဓိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ အမှူးပြုသော ဆရာတော်များသည် မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ (ယနေ့) မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့၏ ဝေဟင်တစ်ခွင်မှ မြန်မာနိုင်ငံ ပြည်သူများနှင့်တကွ ကမ္ဘာသူကမ္ဘာသားများ ထာဝစဉ်အေးချမ်းစေကြောင်း အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဆိုပွားများကြပြီး ပရိတ်ရေများဖြင့် ပက်ဖျန်းကာ မေတ္တာပို့ အမျှပေးဝေကြသည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော် သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဓမ္မရတိကုန်းတော်၌ သစ်ပင်များ စိုက်ပျိုးထားမှုနှင့် ပတ်ဝန်းကျင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားကန်တော်ကြီးဥယျာဉ်အဆင့်မြှင့်တင်၊ သာယာကြည်နူးဖွယ်၊ လှေ့လာဖွယ်ဖြစ်အောင်အစဉ်ပြုပြင်မွမ်းမံ ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေတိုးတက်ရရှိအောင် စီမံဆောင်ရွက်

ရန်ကုန် ဧပြီ ၁၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧပြီ ၁၃ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

၁၃၆၆ ခုနှစ် မြန်မာ့နှစ်သစ်နှစ်ဦး မင်္ဂလာအခါသမယတွင် ကောင်းမှုကုသိုလ်ပြုကြရင်း ကောင်းကျိုးအဖြာဖြာရရှိခံစား

၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန် နှစ်သစ်ကူးပွဲတော်ကြီးကား ကျင်းပပြီးစီးသွားခဲ့ပြီ ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ်သစ်နှစ်ဦး မင်္ဂလာအခါသမယသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်သည်။

မြန်မာ့ရိုးရာအတာသင်္ကြန် နှစ်သစ်ကူးပွဲတော်ကာလအတွင်း တစ်ဦးကိုတစ်ဦး အတာရေစင် သွန်းလောင်းပက်ဖျန်း ကစားခဲ့ကြသဖြင့် အေးမြသန့်စင်ကြည်လင်ရွှင်ပြပျော်မြူးခဲ့ကြသည်။ အတာရေဖြင့် အညစ်အကြေးဟူသမျှကိုလည်း ဆေးကြောသန့်စင်ခဲ့ကြပြီး ဖြစ်သည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဘုရား၊ ကျောင်း၊ကန်၊သိမ်၊ဇရပ်များသို့ သွားရောက်၍ သီတင်းသီလ ဆောက်တည်ခဲ့ကြသည်။ ရပ်ရွာအတွင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပွားများမှုများကို နာယူခဲ့ကြသည်။ အလှူဒါန ကောင်းမှုကုသိုလ်များကို ပြုလုပ်ခဲ့ကြပြီး တရားဘာဝနာများလည်း အားထုတ်ခဲ့ကြပြီး ဖြစ်သည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့က အမျိုးကောင်းသားသမီး လူငယ်လူရွယ်များသည် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ လူကြီး၊ မိဘ၊ ဆရာသမားများအား ပူဇော်ကန်တော့ခြင်း၊ သက်ကြီးရွယ်အို အဘိုး၊ အဘွားတို့အား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်း လှီးဖြတ်ပေးခြင်း၊ သောက်သုံးရေ၊ ချိုးရေတို့ဖြင့် ကန်တော့ခြင်းတို့ဖြင့် ဂါရဝပြုခဲ့ကြပြီးဖြစ်သည်။

အချို့သော ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီပုထိုးများတွင် ထုံးသင်္ကန်းကပ်လှူခြင်း၊ အမွှေးနံ့သာရည်များဖြင့် သပ္ပာယ်ခြင်း၊ ရေတွင်းရေကန်များ ဆယ်သန့်ခြင်း၊ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ ရပ်ကွက်နှင့် လမ်းများတွင် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှု ပြုခဲ့ကြသည်။

ဆရာတော်၊ သံဃာတော်များကလည်း ပြည်သူပြည်သားအပေါင်း ဘေးအန္တရာယ် ကင်းဝေးစေကြောင်း ပရိတ်တရားတော်များ ရွတ်ဖတ် ချီးမြှင့်တော်မူခဲ့ကြသည်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် လမ်းဆုံလမ်းခွများတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

၁၃၆၆ ခု နှစ်သစ်နှစ်ဦး အခါသမယတွင် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးတို့ဖြင့် ကောင်းမှုကုသိုလ်များကိုသာ ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။

ထိုသို့ မြန်မာပြည်သူ ပြည်သားအပေါင်းတို့သည် ငြိမ်းချမ်းပျော်ရွှင်စွာ အတာရေသဘင်ပွဲဆင်နွှဲနိုင်ခြင်း၊ ကောင်းမှုကုသိုလ်ပြုနိုင်ခြင်းတို့မှာ နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာခြင်းကြောင့် ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းသာယာနေမှုကြောင့် မြန်မာပြည်သူပြည်သားအပေါင်း နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကြီးကို ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ခဲ့ကြသော်လည်း အချို့သော ကမ္ဘာ့နိုင်ငံများတွင် စစ်ပွဲများဖြစ်ပွားနေမှုကြောင့် ပြည်သူအပေါင်း ဘေးဒုက္ခအန္တရာယ်အသွယ်သွယ်နှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။ စစ်ဘေးစစ်ဒဏ်သင့်မှုကြောင့် ပြည်သူအပေါင်းတို့သည် စစ်၏အနိဋ္ဌာရုံများကို တွေ့ကြုံခံစားနေကြရရှာသည်။

မြန်မာပြည်သူပြည်သားများကဲ့သို့ ပျော်ရွှင်ကြည်နူးဖွယ် ပွဲတော်များဆင်နွှဲခြင်း၊ ကောင်းမှု ကုသိုလ်ပြုလုပ်ခြင်းများ မဆောင်ရွက်နိုင်ဘဲ အသက်ဘေးကလွတ်အောင်ပင် မနည်းကြိုးစား ရှောင်းကွင်းနေကြရသည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့် နှစ်သစ်မင်္ဂလာအခါသမယတွင် ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုအဖြာဖြာကို ကောင်းမြတ်သော စိတ်ဓာတ်စေတနာဖြင့် ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။ နှစ်သစ်အခါသမယတွင် လူသစ်စိတ်သစ် အားမာန်သစ်ဖြင့် အများပြည်သူကောင်းကျိုးကို ဆက်လက်သယ်ပိုးသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာပြည်သူပြည်သားအပေါင်းတို့သည် မြန်မာ့နှစ်သစ်နှစ်ဦးကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာခြင်း၏ အကျိုးရလဒ်ကောင်းများကို ခံစားရရှိလျက် **"ကောင်းမှုမြတ်နိုး၊ ကောင်းအောင် ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း"**ဟူသော လောကသာရဆုံးမစာနှင့်အညီ ကောင်းမှုကုသိုလ်ပြုကြရင်း ကောင်းကျိုးအဖြာဖြာ ရရှိခံစားလျက်ရှိကြကြောင်း ရေးသားလိုက်ရပါသည်။ ။

မြန်မာနှစ်ဆန်းတစ်ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ခေမိဿရနှင့်အဖွဲ့ မြို့နယ်လုံးကျွတ်ရပ်ကွက် ၂၀သို့ ဖောင်တော်ယာဉ်များဖြင့် အန္တရာယ်ကင်းပရိတ်များ လှည့်လည်ရွတ်ဖတ်သရဇ္ဈာယ်ကြရာ ကန်တော်ကလေး (အရှေ့)ရပ်ကွက်ရုံးရှေ့တွင် ပြည်သူများက ပရိတ်ရေအိုးများဖြင့် ပူဇော်ကြစဉ်။ (၂၅၉)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

နှစ်သစ်မင်္ဂလာ ကြိုဆိုပါစို့

ရော်ရွက်တွေ မြေမှာကြွေ
ဝှေ့ဝဲလို့ ကြွေကြွေကြွေ
ရွက်နုဝေ ပုရစ်ဖူး
မြူးသစ်ဝေဝေ၊
ပိတောက်က ဝါဝါရွှေ
ငုရွှေက ဝေနေဆဲ
ကြေးညှော်တွေ ရှောင်သွေဖဲ
အနိဋ္ဌာ မိစ္ဆာရဲ့
သင်္ကြန်ရေ အတာစဲ
နှုတ်ဆက်သည့်ပွဲ။

ခေါင်းလျှော်ကာ လက်သည်းလှီး
မငြီးတဲ့ လူငယ်တွေ
သပ္ပာယ်စေ ဘုရားတန်ဆောင်း
ရေလောင်းလှူပေ၊
ဥပုသ်နှင့် သီလဖြူစေ
ကျောင်းဇရပ်တွေ စည်စည်ကား
ငါးလွှတ်ကာ သဒ္ဓါတရား
ဘေးမဲ့အလှူ ကုသိုလ်ပွား
ရှင်ပြုကာ ဒုလ္လဘအများ
ပြောစည်သံ ပြည်ထောင်တစ်လွှား
ခြိမ့်ခြိမ့်စည်ကား။

မေတ္တာဝေ အေးမြမြ
လောင်းပက်ကြ သီတာရေ
ငြိမ်းချမ်းစေ အေးနိမိတ်
အတိတ်ဖြာဝေ၊
အေးချမ်းလို့ ခေတ်မီပါစေ
တောင်းဆုခြွေ မေတ္တာထား
ဖွံ့ဖြိုးသာ ပြည်ရွာအများ
ကမ္ဘာရွာ ငြိမ်းစေသား
နှစ်သစ်ကို မင်္ဂလာပွား
ကြိုကြစို့လား။ ။

ကျော်ဓောဟန်

ရွှေပြည်ဟိန်းကျောင်း နှစ်ဦးလှူ

ရန်ကုန် ဧပြီ ၁၇

မြန်မာနှစ်ဆန်းတစ်ရက်က ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ နှစ်ဦးအလှူတော်အဖြစ် တာမွေလေး ရပ်ကွက် သမာဓိလမ်း ရွှေဇင်ယော် ကြေးအိုးမိသားစုများက ရွှေပြည်ဟိန်းကျောင်း ဓမ္မသဘာကျောင်းဆောင် အမိုးအတွက် အလှူတော်ငွေကျပ် နှစ်သိန်း၊ ဟိန်းဆောက်လုပ်ရေးမှ ဦးစိန်ထွန်း-ဒေါ်သန်းသန်းအေးနှင့် လုပ်သားများက အလှူတော်ငွေကျပ် တစ်သိန်း၊ ဗဟန်း ငါးထပ်ကြီး ဘုရားလမ်းနေ ဒေါက်တာကြည်လင်-ဒေါက်တာ အေးအေးမြင့်နှင့် အလှူရှင် ၁၀ဦးတို့က ရွှေပြည်ဟိန်း ကျန်းမာရေးယာဉ်အလှူတော်အတွက် အလှူတော် ငွေကျပ်တစ်သိန်း ရွှေပြည်ဟိန်းဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာသိရီလင်္ကာရထံ ရေစက်ချလှူဒါန်းကြသည်။

ရွှေပြည်ဟိန်းကျောင်း ဓမ္မသဘာဆောင်နှင့် ရွှေပြည်ဟိန်းကျန်းမာရေးယာဉ် အလှူတော်အတွက် ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ ခမ္ဘရတိကုန်းတော်ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်စေတီတော်တွင် ဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြင်ဦးလွင်မြို့ ခမ္ဘရတိကုန်းတော်ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်စေတီတော်တွင် ဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြင်ဦးလွင်မြို့အမျိုးသား ကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်တွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရှေးဦးစွာရှင်းလင်းဆောင်၌သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လမ်းညွှန်ချက်များနှင့်အညီအမျိုးသားကန်တော်ကြီးဥယျာဉ်ကို အဆင့်မြှင့် မွမ်းမံပြင်ဆင်ဆောင်ရွက်ခဲ့မှုများနှင့် သစ်မျိုး၊ ဝါးမျိုး၊ သစ်ခွမျိုးများ၊ပန်းမျိုးများ စုံလင်အောင်စုဆောင်းစိုက်ပျိုးထားမှု၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းပြည်နယ်၊ တိုင်းအလိုက် ထူးခြားစွာ တည်ရှိနေမှုများကို သရုပ်ဖော်ထားသည့် Natural Landmarks Garden တည်ထောင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ဥယျာဉ်အတွင်း နန်းမြင့်မျှော်စင် တည်ဆောက်ဖွင့်လှစ်ခဲ့ရာ နန်းမြင့်မျှော်စင်သို့လာရောက်လေ့လာကြမှု၊အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ ပြည်တွင်းပြည်ပမှ တိုးတက်လာရောက်လျက်ရှိသည့် ဧည့်သည်များ အခြေအနေနှင့် ဝင်ငွေ တိုးတက်ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမျိုးသားကန်တော်ကြီး ဥယျာဉ်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ရာ ယခုအခါ အရှိန်အဟုန် ရရှိနေပြီဖြစ်သဖြင့်ပို၍ပြည့်စုံစေအောင်၊ ပို၍သာယာကြည်နူးဖွယ်ရာ လေ့လာဖွယ်ရာ ဖြစ်အောင် အစဉ်ပြုပြင်မွမ်းမံ ဖြည့်ဆည်းနေရန် လိုကြောင်း၊ ယခင် မိမိရောက်ရှိစဉ် မှာကြားခဲ့သည့် လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ပြည့်စုံအောင် အကောင် အထည်ဖော်သွားရန် ဖြစ်ကြောင်း၊ သာယာကြည်နူးဖွယ်ရာ၊ အပန်းဖြေစရာ လေ့လာမှတ်သားဖွယ်ရာ အမျိုးသား ကန်တော်ကြီးဥယျာဉ်နှင့် စပ်လျဉ်း၍ပြည်သူအများကကျယ်ကျယ်ပြန့်ပြန့်သိရှိနေပြီးတစ်နှစ်ထက်တစ်နှစ် ပိုမိုလာရောက်လေ့လာခြင်းဖြင့်တစ်ဖက်တစ်လမ်းမှလည်း ဝင်ငွေတိုးတက်ရရှိအောင် စီမံဆောင်ရွက်ကြရန် ဖြစ်ကြောင်း မှာကြားလမ်းညွှန်သည်။

ယင်းနောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်ပြုပြင်မွမ်းမံထားမှုများနှင့် ပြည်သူများလာရောက်အပန်းဖြေမှုတို့ကို ကြည့်ရှုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်တွင် ပြည်တွင်း သစ်မာမျိုး ၄၈၂မျိုး၊ ပြည်ပသစ်မျိုး ၆၇မျိုး၊ သစ်ခွမျိုး ၂၆၀၊ ဝါးမျိုး ၇၅ မျိုး၊ ရွက်လှမျိုး ၇၅မျိုး၊ ရာသီပန်းမျိုး ၂၁၀ စိုက်ပျိုးထားရှိပြီး ရာသီအလိုက် အလှပန်းများ လှပစွာပွင့်လန်းလျက်ရှိသည်။

ထို့ပြင်ဥယျာဉ်အတွင်း ဒေါင်းဖြူ၊ ဒေါင်းစိမ်း၊ မြန်မာ့ရစ်ငှက်မျိုး လေးမျိုး အပါအဝင် ပြည်တွင်းငှက်မျိုးပေါင်း ၁၅မျိုး မွေးမြူနိုင်ခဲ့ပြီး ကမ္ဘာ့ရှားပါး စာရင်းဝင် ဓာမဏီငှက်အထီး အမ တစ်စုံကို မွေးမြူထားရှိ ပြသထားသည်။ ပြည်ပငှက်မျိုး ၁၆ မျိုးထိ တိုးတက်မွေးမြူနိုင်ခဲ့သည်။

ထို့ပြင် ကမ္ဘာ့ရှားပါး စာရင်းဝင်သားမင်း လေးကောင်မွေးမြူထားရာ မျိုးပွားရန်အရွယ်ရောက်နေပြီဖြစ်သည်။

ဖူးမြော်ကြည်ညို

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ခမ္ဘရတိ ကုန်းတော်ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်စေတီတော်သို့ သွားရောက်ကြပြီး ရှေးဦးစွာ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌအား ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ခမ္ဘရတိ ကုန်းတော်၌ သစ်ပင်များ စိုက်ပျိုးထားမှုနှင့် ပတ်ဝန်းကျင် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို တာဝန်ရှိ သူများအား မှာကြားသည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ မြို့ကွက်သစ်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၁၄ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပြင်ဦးလွင်မြို့မှ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး မြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့်ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၁၃ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကူးပြောင်းလွှင့်စက်ရုံကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအားလုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

(သတင်းစဉ်)

အိမ်ကိုဒုံးကျည်ထိမှန်၍ အီရတ်လူမျိုး မိခင်နှင့်သားနှစ်ဦးသေဆုံး သမီးနှစ်ဦးလည်း ဒဏ်ရာပြင်းထန်စွာရရှိသဖြင့် ဆေးရုံတင်ထားရ

ဘာကူဘာ ဧပြီ ၁၆

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ မြောက်ဘက်တွင် ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် မိခင်ဖြစ်သူနှင့် သူမ၏ဆယ်ကျော်သက်ရွယ်သားနှစ်ဦး ကြာသပတေးနေ့ကသေဆုံးပြီး သူမ၏သမီးနှစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိပြီး ဆေးရုံတင်ထားရသည်ဟု အိမ်နီးချင်းများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက်မိုင် ၄၀ အကွာရှိ ဘာကူဘာမြို့တွင် အိမ်များကို ဒုံးကျည်နှစ်စင်း နံနက် ၅နာရီခန့် ၌ ထိမှန်ခဲ့ကြောင်း အိမ်နံရံများပြိုကျကာ အပျက်အစီးများ လွင့်စဉ်ကုန်ကြကြောင်း ကားတစ်စီးထိမှန်ပျက်စီးသွားကြောင်း သတင်းရရှိသည်။

ဘာကူဘာဆေးရုံ၌ ဒဏ်ရာရရှိ သူ အဆိုပါအမျိုးသမီး၏ သမီးနှစ်ဦးကို တွေ့ရပြီး နှစ်ဦးစလုံး ဒဏ်ရာပြင်းထန်သည်။ တစ်ဦးမှာ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသည်။ အမေရိကန် သိမ်းပိုက်တပ်ဖွဲ့ဝင်များတိုက်ခိုက်မှုအား ဒေသခံများက အပြစ်ပြောဆိုခဲ့ကြပြီး ယင်းတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ သတင်းမရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောဆိုပြီးဒေသရဲအဖွဲ့က ဖြစ်ပျက်မှုနှင့် ပတ်သက်၍ စုံစမ်းနေဆဲဟု ပြောဆိုသည်။

ပထမဒုံးကျည်မှာ နံနက် ၅နာရီ ၌ ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း၊သေဆုံးသူများမှာ မိမိအိမ်နီးချင်းများဖြစ်ကြောင်း၊ ဒုံးကျည်ထိမှန်သော အိမ်မှာ အပြစ်မဲ့ အရပ်သားများနေထိုင်ရာ အိမ်ဖြစ်ကြောင်း၊ အမေရိကန်တို့သည် အီရတ်တို့ကို ထိခိုက်နာကျင်စေလိုကြောင်း၊ ဘာ့ကြောင့်နည်းဟု မီဒီဆာလေဆိုသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရန် အဆင့်မြင့်သံတမန်တစ်ဦး ဘဂ္ဂဒက်တွင် ပစ်သတ်ခံရ

ဘဂ္ဂဒက် ဧပြီ ၁၆

ဘဂ္ဂဒက်မြို့တွင် အီရန်သံတမန်အဖွဲ့မှ အဆင့်မြင့်သံတမန်အဖွဲ့ဝင်တစ်ဦး ကြာသပတေးနေ့က ပစ်သတ်ခံလိုက်ရကြောင်း အီရတ်ရဲအဖွဲ့နှင့် သံတမန်အမှုထမ်းများက ပြောဆိုကြသည်။

ကြေညာ

သေဆုံးသော အီရန်သံတမန်မှာ ဘဂ္ဂဒက်ရှိ အီရန်သံရုံးမှပထမအတွင်းဝန်ဖြစ်ကြောင်း အီရန်အစိုးရ ရုပ်မြင်သံကြားဌာနက ကြေညာသည်။

အီရတ်ဆိုင်ရာ အီရန် ပထမအတွင်းဝန် ခါလီလ်နေမီသည် ၎င်းအား အမည်မသိ တိုက်ခိုက်ရေး သမားများက တိုက်ခိုက်ချိန်၌ ၎င်းသည် ကားအတွင်း၌ ရှိနေခဲ့ပြီး ချက်ချင်းသေဆုံးခဲ့ကြောင်း ရုပ်မြင်သံကြားသတင်းဌာန၏ ဘဂ္ဂဒက် သတင်းထောက်က ပြောကြားသည်။

ပြောကြား

တိုက်ခိုက်မှုမှာ အီရန်သံရုံးအနီး ဟိုင်ဖာ လမ်းမပေါ်၌ ဖြစ်ကြောင်း၊ အဆိုပါ သံတမန်၏ကားမှာ ကျည်ပေါက်နှစ်ခုထက်မနည်း တွေ့ရကြောင်း ရိုက်တာ သတင်းထောက်က ပြောကြားသည်။

ပစ်သတ်ခဲ့

သံရုံးသို့ ကားမောင်းသွားမည့်အကြောင်း ၎င်းက မိမိတို့အား ပြောကြားခဲ့ကြောင်း၊ လူသုံးဦးက ကားမောင်းလိုက်သွားပြီး သူ့အားပစ်သတ်ခဲ့ကြောင်း ဘဂ္ဂဒက်ရှိ အီရန်အရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

၂၄ နာရီအတွင်း ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး ဧပြီလအတွင်း တိုက်ပွဲ၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၉၃ဦးရှိပြီ

ဘဂ္ဂဒက် ဧပြီ ၁၆

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဆာမာရာမြို့အနီး၌ လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းခံရသဖြင့် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ကြာသပတေးနေ့တွင် ပြောကြားသည်။

အခြားအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ မိုဆူးလ်၌ နှလုံးရောဂါအပြင်းအထန်ခံစားရပြီး သေဆုံးခဲ့သည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း၌ တိုက်ပွဲဖြစ်ပွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက အစောပိုင်း၌ ပြောကြားသည်။

တိုက်ပွဲဖြစ်ပွားမှုကြောင့် ယခုနောက်ဆုံး သေဆုံးသူများသည် ပင်တဂွန်စစ်ဌာနချုပ်က ကြေညာခဲ့သော စုစုပေါင်း သေဆုံးသူများစာရင်း၌ ပါ မပါ အတိအကျမသိရဟုဆိုသည်။ တိုက်ပွဲ၌ သေဆုံးသူဦးရေသည် ဗုဒ္ဓဟူးနေ့၌ ရှစ်ဦးထိ ရှိခဲ့သည်။

ပင်တဂွန်စစ်ဌာနချုပ်က ဖော်ပြသော အချက်အလက်အရ ဧပြီလထဲ၌ တိုက်ပွဲအတွင်း ယခုထိသေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၉၃ ထက်မနည်းရှိသွားပြီဟု သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

ဒဏ်ရာရ

ဧပြီ ၁၆ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်မိန်းကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စိုးရိမ်ကြီးစွာသွားလာ

ဧပြီ ၁၆ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန် ပစ်ခတ် တိုက်ခိုက်မှုကြောင့် တည်ငြိမ်မှုကင်းမဲ့လျက်ရှိရာ စိုးရိမ်ကြီးစွာ လှုပ်ရှားသွားလာနေရသော အီရတ် အမျိုးသမီးကြီးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဖမ်းခံထားရသော ဂျပန်ဓားစာခံသုံးဦး လွှတ်မြောက်လာ အခြားဂျပန်အရပ်သားနှစ်ဦးပျောက်နေပြီး ကံကြမ္မာမသိရသေး

ဒူဘိုင်း ဧပြီ ၁၆

အဖမ်းခံထားရသော ဂျပန်ဓားစာခံသုံးဦးကို ကြာသပတေးနေ့၌လွှတ်ပေးလိုက်ပုံအား အာရပ်ဂြိုဟ်တုရုပ်မြင်သံကြားက ရိုက်ကူးပြသခဲ့ပြီး ၎င်းတို့ ကြည့်ရသည်မှာ တုန်လှုပ်ချောက်ချားနေပုံရသည်။ သို့ရာတွင် ကျန်းမာရေးကောင်းပုံရသည်။

အယ်လ်ဂျာဇီရာရုပ်မြင်သံကြားက ရိုက်ကူးပြသရာ၌ လွန်ခဲ့သည့်အပတ်က အဖမ်းခံခဲ့ရသော ဂျပန်အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးကိုတွေ့ရပြီး အမျိုးသမီးမှာ ငိုယိုနေသည်ကို တွေ့ရသည်။ အခြားဂျပန်အရပ်သားနှစ်ဦးမှာမူ ဘဂ္ဂဒက်အနီး၌ ပျောက်ဆုံးနေကြောင်း သတင်းရရှိသည်။ ၎င်းတို့၏ ကံကြမ္မာမှာ မသေချာ မရေရာဘဲရှိသည်။

လွှတ်ပေးလိုက်သော ဂျပန်လူမျိုးများကို ဘာသာရေးအသင်းတစ်ခု၏ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူဆလမ်အယ်လ်ကူဘေဆီက တွေ့ဆုံနှုတ်ဆက်ကာ အားပေးသည်။

အဆိုပါ လွှတ်ပေးလိုက်သော ဂျပန်လူမျိုးများကို မိမိလက်သို့ အပ်ခဲ့ကြောင်း ပြောဆိုပြီး ရုပ်မြင်သံကြားက ၎င်းတို့၏ကျန်းမာရေးအခြေအနေကောင်းသည်ဟုဆိုသည်။

လွှတ်ပေး

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ဖမ်းဆီးထားသော ဓားစာခံသုံးဦးကို ဘေးအန္တရာယ်မရှိ လွှတ်ပေးလိုက်ကြောင်း အတည်ပြုပြောဆိုသည်။ လွန်ခဲ့သည့် သီတင်းပတ်က ဖမ်းဆီးခြင်းခံခဲ့ရသော ဓားစာခံသုံးဦးမှာ နိုရီအာကီ(၁၈)နှစ်၊ သတင်းစာဆရာ ဆိုအီးချိရိုကိုရီယာမာ(၃၂)နှစ်နှင့် နာဟိုကိုတာကာတို (၃၄)နှစ်တို့ဖြစ်ကြသည်။

စုံစမ်းရန်

နိုရီအာကီမှာ ဂုဏ်သတ္တိလျော့ယူရေနီယံလက်နက်များ၏ အကျိုးသက်ရောက်မှုကို စုံစမ်းရန်အတွက် အီရတ်သို့ ရောက်နေခြင်းဖြစ်ပြီး နာဟိုကိုတာကာတိုမှ ကူညီထောက်ပံ့ရေးအလုပ်သမားတစ်ဦး ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့ထဲမဝင်ရန် အီရတ်ထိပ်တန်း ခေါင်းဆောင်စစ္စတာနီ သတိပေး

ဘဂ္ဂဒက် ဧပြီ ၁၆

မော့တာဒါအယ်လ်ဆာဒါကို လိုက်လံဖမ်းဆီးရာတွင် အမေရိကန်တို့ နာဂျက်ဖ်မြို့ထဲဝင်ရောက်ခြင်းမပြုကြရန် အီရတ်ခေါင်းဆောင် အာယာတိုလာ အလီအယ်လ်စစ္စတာနီက အမေရိကန်တို့အား သတိပေးထားကြောင်း အီရတ်နိုင်ငံရေးရပ်ကွက်များက ကြာသပတေးနေ့၌ ပြောကြားသည်။

နာဂျက်ဖ်သည် အန္တရာယ်ဒေသတစ်ခုဖြစ်ကြောင်းကို အမေရိကန်တို့အား အသိပေးရန် အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များကို အယာတိုလာက ပြောကြားထားကြောင်း အဆင့်မြင့်သတင်းရပ်ကွက်တစ်ခုက ရိုက်တာသို့ပြောကြားသည်။ ဆာဒါ၏ နိုင်ငံရေးပြိုင်ဘက်ဖြစ်သော စစ္စတာနီက ကြေညာချက်ထုတ်ပြန်ရာ၌ တရားဥပဒေနှင့် အီရတ်၏ဘာသာရေးနေရာများ၏ မွန်မြတ်သန့်စင်မှုကို လေးစားလိုက်နာရန် ယခင်က တိုက်တွန်းခဲ့သော်လည်း ဆာဒါ၏ပြည်သူ့စစ်များနှင့် စပ်လျဉ်း၍ တိုက်ရိုက်ဝေဖန်ခြင်းကိုရှောင်ကြဉ်ထားသည်။

စစ္စတာနီသည် ဆာဒါနှင့် မည်သို့သဘောတူချက်ရရန် ဆောင်ရွက်ရမည်ကို သူ၏ဘာသာရေးအဖွဲ့အစည်းနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းလိုခြင်းမရှိသော်လည်း နာဂျက်ဖ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို သူ့နည်းသူ့ဟန်ဖြင့် အပြင်းအထန်ဆန့်ကျင် ကန့်ကွက်ခဲ့သည်။

နာဂျက်ဖ်ဘာသာရေးအဖွဲ့အစည်းသည် နာဂျက်ဖ်မြို့တွင်း၌ အမေရိကန်၏ စစ်ရေးဆောင်ရွက်မှုတစ်စုံတစ်ရာကို ဆန့်ကျင်ကန့်ကွက်ကြောင်း သတင်းရပ်ကွက်က ပြောကြားသည်။ ဘဂ္ဂဒက်မြောက်ဘက် အခြေစိုက်မှနေ၍ တပ်ဖွဲ့ဝင်များကို ပေးပို့ခဲ့ရာ လောလောဆယ်၌ နာဂျက်ဖ်အနီးတွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၅၀၀ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

ဧပြီ ၁၆ ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲထိမှန်မှုကြောင့် လက်တစ်ဖက် ထိခိုက်ဆုံးရှုံးခဲ့ရသည့် အီရတ်တစ်ဦး ဆေးကုသမှုခံယူပြီးနောက် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုက်ခိုက်ခံရသော ကန်စစ်ကားအနီးလာသည့် အီရတ်တို့အား ကန်တပ်ဖွဲ့ဝင်များပစ်ခတ်မှုကြောင့် ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၆

အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ဘက်သုံးထရပ်ကားတစ်စီးသည် ဘဂ္ဂဒက်လေဆိပ်သို့သွားရာလမ်းပေါ်တွင် ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့၏ တိုက်ခိုက်ခြင်းကို စောစောပိုင်း၌ခံရပြီး ပျက်စီးခဲ့ရသည်။

ထိုသို့ တိုက်ခိုက်ခြင်းခံရသည့်နေရာသို့ အီရတ်လူအုပ်စုတစ်စုသည် ရောက်ရှိလာခဲ့သည်။ ထိုအချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များလည်း ထိုနေရာသို့ ရောက်ရှိလာခဲ့ကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်အဆိုပါ စစ်သုံးထရပ်ကားအနီးသို့ ရောက်ရှိလာသော အီရတ်တို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သဖြင့် အီရတ်အများအပြားသေဆုံးပြီး ထိခိုက်ဒဏ်ရာရခဲ့ကြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်သဖြင့် အီရတ်တို့ သေဆုံးခဲ့ရာတွင် အီရတ်ခြောက်ဦးထက်မနည်းရှိကြောင်း ရိုက်တာသတင်းထောက်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၆၈၇ ဦးရှိပြီ

ဘဂ္ဂဒက် ဧပြီ ၁၇

အီရတ်နိုင်ငံတွင် အမေရိကန်နှင့်အပေါင်းပါတပ်များသည် လွန်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်၌ အီရတ်ကို စတင်ပြီး မတရားစစ်ပွဲဆင်နွှဲခဲ့ရာ ထိုနေ့မှစပြီး ၂၀၀၄ ခုနှစ် ဧပြီ ၁၅ ရက် ကြာသပတေးနေ့ထိတိုင်အောင် အီရတ်တွင် **အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် နေ့စဉ်နီးပါး သေဆုံးနေကြရသည်။**

အီရတ်နိုင်ငံတွင် ထိုသို့ အမေရိကန်နှင့်အပေါင်းပါတပ်များ သေဆုံးကြရာ၌ ၂၀၀၄ ခုနှစ် ဧပြီ ၁၅ ရက်နေ့ ရောက်ချိန်တွင် အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်သည် ၆၈၇ ဦးရှိပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာသည်။

ယင်းသေဆုံးသူ ၆၈၇ ဦးအနက် တိုက်ပွဲ၌သေဆုံးသော အရေအတွက်မှာ ၄၉၃ ဦးဖြစ်ပြီး ၁၉၄ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခဲ့သည်ဟု ဆိုသည်။

အီရတ်၌ တိုက်ပွဲပြီးဆုံးကြောင်း အမေရိကန်သမ္မတဘုရှ်က မေ ၁ ရက်၌ ကြေညာခဲ့ပြီးချိန်မှစပြီး အီရတ်၌ သေဆုံး သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၅၄၇ ဦး ဖြစ်သည်။ ယင်း ၅၄၇ ဦးအနက် တိုက်ပွဲ၌ သေဆုံးသော အရေအတွက်မှာ ၃၈၂ ဦးဖြစ်ပြီး တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံး သောအရေအတွက်မှာ ၁၆၅ ဦးဖြစ်သည်ဟု ဆိုသည်။ (အင်တာနက်)

ရုရှားနှင့် ယူကရိန်းအလုပ်သမားများ ပြန်ပေးဆွဲခံခဲ့ရမှုကြောင့် အီရတ်ရှိအလုပ်သမား ၈၀၀ ကျော် ရုရှားက ရွှေ့ပြောင်းပေးလျက်ရှိ

မော်စကို ဧပြီ ၁၆

ရုရှားနှင့် ယူကရိန်းအလုပ်သမားရှစ်ယောက် အခိုက်အတန့်ပြန်ပေးဆွဲခံရပြီးနောက်ပိုင်းတွင် ရုရှားနှင့် ယခင် ဆိုဗီယက်နိုင်ငံများမှ နိုင်ငံသား ၈၀၀ ကျော်ကို ရွှေ့ပြောင်းပေးရန် ရုရှားနိုင်ငံက ဗုဒ္ဓဟူးနေ့တွင် စီစဉ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ရွှေ့ပြောင်းပေးခဲ့ရာတွင် ရွှေ့ပြောင်းပေးမည့်အရေအတွက် ပမာဏသည် အီရတ်၌ ကန်ထရိုက်လုပ်ငန်း ပါဝင်လုပ်ကိုင်နေသော ကုမ္ပဏီများအပေါ်၌ တည်သည်ဟု ရုရှားသတင်းဌာန အီတာတာ့စ်က ဖော်ပြသည်။

လွှတ်ပေးမည်

အီရတ်နိုင်ငံရှိ ရုရှားကုမ္ပဏီများ၏ အလုပ်သမားများကို ရွှေ့ပြောင်းပေးရန်အတွက် ကြာသပတေးနေ့၌ သောကြာနေ့များတွင် လေယာဉ်များ အီရတ်သို့လွှတ်ပေးမည်ဟု အရေးပေါ် ဝန်ကြီးဌာနက ပြောကြားသည်။ အီရတ်နိုင်ငံတွင် ရုရှားအလုပ်သမား ၅၅၃ ဦးနှင့် အခြား ဆိုဗီယက်သမ္မတနိုင်ငံဟောင်းများမှ အလုပ်သမား ၂၆၃ ဦး ရှိသည်။

ဘဂ္ဂဒက်ရှိ လျှပ်စစ်ဓာတ်အားစက်ရုံ တည်ဆောက်ရေး ကန်တရိုက်လုပ်ငန်းမှ အလုပ်သမားရှစ်ယောက်ကို ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ပြန်ပေးဆွဲသွားပြီး ၁၉ နာရီကြာမျှ ဖမ်းဆီးထားခဲ့ပြီးနောက် နှစ်ရက်အကြာ၌ ရုရှားနိုင်ငံက ယခုကဲ့သို့ ဆောင်ရွက်ခြင်း ဖြစ်သည်။

ထိုသို့ အလုပ်သမားများကို ရွှေ့ပြောင်းမည်ဖြစ်ကြောင်း ကြေညာချက် ထွက်ပေါ်လာပြီးနောက် ကုမ္ပဏီအနေဖြင့် ယင်း၏အလုပ်သမား ၃၀၀ အနက်မှ မည်မျှ အီရတ်မှထွက်ခွာမည်ကို မသေချာကြောင်း ပြောဆိုသည်။ အခြားကန်ထရိုက်လုပ်ငန်းများလည်း ဤအတိုင်း သံသယဖြစ်ခဲ့ကြသည်။

ရင်ဆိုင်ရဖွယ်

ကုမ္ပဏီများအနေဖြင့်၎င်းတို့၏ အမှုထမ်းများ၏ သဘောထားကို ရှင်းရှင်းလင်းလင်းသိရန် မေးမြန်းမည်ဟု ရုရှားနိုင်ငံက ပြောကြားသည်။ အကယ်၍ကျွမ်းကျင်သူ အများစုက အီရတ်မှထွက်ခွာရန် ဆုံးဖြတ် မည်ဆိုလျှင် ရုရှားကုမ္ပဏီများသည် အရှုံးနှင့်ရင်ဆိုင်ရဖွယ် ရှိသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ် ပြန်လည် တည်ဆောက်ရေး ကူဝိတ်၌ဆွေးနွေးမည်

အဘူဒါဘီ ဧပြီ ၁၆

အဓိက အာရပ်ငွေကြေးအဖွဲ့အစည်းများသည် အီရတ် ပြန်လည်တည်ဆောက်ရေး စီမံကိန်းများအတွက် ချေးငွေများကိစ္စ ဆွေးနွေးမည့် နှစ်ရက်ကြာ အစည်းအဝေးကို ကူဝိတ်နိုင်ငံ၌ ဗုဒ္ဓဟူးနေ့ကစပြီး ကျင်းပရန် စီစဉ်သတ်မှတ်ထားသည်။

အဘူဒါဘီစစ်အခြေစိုက် အာရပ်ငွေကြေးရန်ပုံငွေအဖွဲ့ (အေအမ်အက်ဖ်)၊ ကူဝိတ်အခြေစိုက်စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေး အာရပ်ငွေကြေးရန်ပုံငွေအဖွဲ့ အပြင် အခြားအဓိက အာရပ်ငွေအဖွဲ့အစည်း သုံးခုသည် အခြားနိုင်ငံများအတွက် ချေးငွေများအပြင် ၂၀၀၃ ခုနှစ်အတွင်း ၎င်းတို့ဆောင်ရွက်မှုများနှင့် ၂၀၀၄ ခုနှစ် စီမံကိန်းများကို ဆွေးနွေးကြမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဧပြီ ၁၆ ရက်က ရုရှားနိုင်ငံ မော်စကိုမြို့ရှိ အမေရိကန်သံရုံးရှေ့တွင် အီရတ်စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြနေသော ရုရှားပြည်သူတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာ၌ ပြည်ပမှ တိုက်ခိုက်ရေးသမားများမရှိ အီရတ်အဖွဲ့အစည်းတစ်ခုက ငြင်းဆို

ဘဂ္ဂဒက် ဧပြီ ၁၆

ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလိုမီတာ ၅၀ ရှိ ဖော်လူဂျာမြို့တွင် ပြည်ပမှ တိုက်ခိုက်ရေးသမားများရှိသည် ဆိုခြင်းမှာ မဟုတ်ကြောင်း အီရတ်ရှိ အဖွဲ့အစည်းတစ်ခုက ကြာသပတေးနေ့၌ ငြင်းဆိုသည်။

ဖော်လူဂျာဒေသခံများနှင့် မိမိတို့ အဆက်အသွယ်လုပ်ပြီး သိမ်းပိုက်တပ်ဖွဲ့ဝင်များကို ဒေသခံများနှင့်အတူ လက်တွဲပြီးတိုက်နေသော နိုင်ငံခြားသားများရှိ မရှိ မိမိတို့ မေးမြန်းစုံစမ်းခဲ့ကြောင်း၊ အဆိုပါ အီရတ်အုပ်စု ပြောရေးဆိုခွင့်ရှိသူ မူဟာမက်ဖက်ဒီက ပြောကြားသည်။

ထိုသို့မေးမြန်းရာ၌ ဒေသခံများက ၁၉၈၀ ပြည့်နှစ်များက စပြီး စက်မှုလုပ်ငန်းဒေသ၌ အလုပ် လုပ်ကိုင်နေခဲ့သော အီဂျစ်အချို့နှင့် ဆူဒန်အချို့သာရှိကြောင်း ပြောကြားခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထိုအတောအတွင်း ဖက်ဒီက မိမိ၏ အုပ်စုသည် နိုင်ငံခြားသားများကို ဓားစားခံဖမ်းသူများနှင့် အဆက်အစပ် မရှိကြောင်း ပြောဆိုသည်။

ပြန်ပေးဆွဲသူများအား နိုင်ငံခြားသားများအားလုံးကို လွှတ်ပေးရန် မိမိတို့ တိုက်တွန်းတောင်းဆိုခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ထိုသို့ အီရတ်ဘာသာရေးအုပ်စုက ဖော်လူဂျာ၌ နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများမရှိကြောင်း ပြောဆိုသော်လည်း ယခုထိတိုင် အမေရိကန် ဗိုလ်ချုပ် မာ့ခ်ကင်မ်မစ်က ဖော်လူဂျာ၌ အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသူများ၏ ၂၅ ရာခိုင်နှုန်းမှာ နိုင်ငံခြားသားများဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ ကန်နှင့် အခြားနိုင်ငံသားများ ပြန်ပေးဆွဲအုပ်စု၏ အဓိကပစ်မှတ်ဖြစ်နေ

ဒူဘိုင်း ဧပြီ ၁၇

ပြန်ပေးဆွဲသည့် အဓိကပစ်မှတ်များသည် အီရတ်ရှိ အမေရိကန်နှင့် အခြားသိမ်းပိုက်သောနိုင်ငံသားများ ဖြစ်မည်ဖြစ်ကြောင်း ဂျပန်ဓားစာခံသုံးဦးကို ဖမ်းဆီးခဲ့သည့် အီရတ်အုပ်စု တစ်စု၏ ထုတ်ပြန်ကြေညာချက်ကို အာရပ်ရုပ်မြင်သံကြားက ကြာသပတေးနေ့၌ ထုတ်လွှင့်ခဲ့သည်။

ဆာယာရာအယ်လ်မူဂျာဟီဒင်သည် ဗုဒ္ဓဟူးနေ့၌ အဆိုပါအုပ်စုက လွှတ်ပေးလိုက်သော ပြင်သစ်သတင်းစာဆရာလက်သို့ လက်ရေးဖြင့် ရေးသားထားသောစာကို ပေးခဲ့သည်။

အဆိုပါ ပြင်သစ် သတင်းစာဆရာအား ယင်းအုပ်စုက အမေရိကန်သိမ်းပိုက်မှုကို ကိုယ်စားပြုသူမဟုတ်ကြောင်း အသေအချာသိခဲ့ပြီးနောက် ဘဂ္ဂဒက်အနီး၌ ဖမ်းသွားခဲ့ရာမှ သုံးရက်အကြာ၌ လွှတ်ပေးခဲ့သည်။

ပထမပစ်မှတ်များမှာ အမေရိကန်များ သို့မဟုတ် သိမ်းပိုက်မှု၌ပါသော အခြားနိုင်ငံသားများဖြစ်ပြီး ဒုတိယပစ်မှတ်မှာ သိမ်းပိုက်မှုကို ထောက်ခံသူများဖြစ်၍ တတိယပစ်မှတ်မှာ သိမ်းပိုက်မှုတွင်ပါဝင်သူများ သို့မဟုတ် အထောက်အကူပေးသူများဖြစ်ကြောင်း ဒူဘိုင်းအခြေစိုက် အယ်လ်အာရေဗျ ရုပ်မြင်သံကြားက ပေးစာကို ကိုးကားလျက် ထုတ်လွှင့်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

တိုင်းတစ်ပါးကျူးကျော်မှုအောက်မှ အချုပ်အခြာအာဏာကင်းမဲ့နေသော အီရတ်နိုင်ငံ

ဖြစ်ရပ်စုံလင်အမှန်မြင် ဆင်ခြင်သုံးသပ် သတိချပ်

ဧပြီ ၁၆ရက်က နာဂျက်ဖ်မြို့ စစ်ဆေးရေးဂိတ်တစ်ဂိတ်၌ အီရတ်ပြည်သူများအား အမေရိကန်တပ်ဖွဲ့ဝင်များက တန်းစီရှာဖွေစစ်ဆေးမှုပြုလုပ်နေသည်ကို မကျေနပ်ကြသော အီရတ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၆ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ အမေရိကန်စစ်အခြေစိုက်စခန်း အပြင်ဘက်၌ အမေရိကန်တို့က အီရတ်တစ်ဦးအား ဖမ်းဆီးထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၅ရက်က ဘဂ္ဂဒက်မြို့ရှိ လူနေရပ်ကွက်တစ်ခုအတွင်း တစ်အိမ်တက်ဆင်း အဓမ္မစီးနင်းရှာဖွေ စစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ် မြင်ကွင်း

ဧပြီ ၁၅ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာနေမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်ကျောင်းသူကျောင်းသားလေးများ၏ လွယ်အိတ်များကိုပင် မချန် ရှာဖွေစစ်ဆေးမှုပြုလုပ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၆ရက်က အီရတ်နိုင်ငံ ကူဖာမြို့၌ အီရတ်အမျိုးသမီးနေထိုင်သော အိမ်ထဲသို့ နိုင်ထက်စီးနင်းဝင်ရောက် ရှာဖွေမှုများ ပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၁ ရက်က ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသွားသည့် အီရတ်အမျိုးသမီးတစ်ဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နှစ်ဆန်းချိန်ခါ ပြည်မြန်မာ သီတာရေသို့အေး ဒါနအလှူ ကုသိုလ်ယူ ပြည်သူပန်းသို့မွှေး

၁၃၆၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်က ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကုသိုလ်ကောင်းမှုပြုကြသူ ရဟန်းရှင်လူ ပြည်သူများဖြင့် ဤသို့ စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

(ဓာတ်ပုံ တင်စိုး–မြန်မာ့အလင်း)

အဘွားများအားကုသိုလ်ပြု

၁၃၆၆ ခုနှစ် နှစ်ဆန်းတစ်ရက်က နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ အဘွားများအား အမျိုးသမီးငယ်များက ခြေသည်း၊ လက်သည်းများ ညှပ်ပေးခြင်း၊ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်းဖြင့် ကုသိုလ်ပြုကြစဉ်။

(ဓာတ်ပုံ ထွေးကြည်–မြန်မာ့အလင်း)

နှစ်ဆန်းတစ်ရက်က ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ရင်ပြင်တော်ပေါ်တွင် တနင်္ဂနွေ တံမြက်လှဲသန့်ရှင်းရေးအသင်းက ဘုရားဖူးများအား ပေါင်မုန့်အုန်းနို့ဆမ်းနှင့် ရွှေရင်အေးများ စတုဒိသာ တိုက်ကျွေး၍ ကုသိုလ်ပြုကြစဉ်။

(ဓာတ်ပုံ သိန်းဝင်းလေး–မြန်မာ့အလင်း)

ဇီဝိတဒါန ငါးများလွှတ်

၁၃၆၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်က စွယ်တော်မြတ်စေတီ (ရန်ကုန်) မင်္ဂလာကန်တော်ကြီးအတွင်း ဇီဝိတဒါနငါးများ လွှတ်ပေးစဉ်။

(ဓာတ်ပုံ တင်စိုး–မြန်မာ့အလင်း)

နှစ်ဆန်းတစ်ရက်က ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ရင်ပြင်တော်ရှိ လိပ်ကန်၊ ငါးကန်တွင် ဘုရားဖူးများ ငါးစာ၊လိပ်စာ ကျွေးခြင်းဖြင့် ကုသိုလ်ယူနေကြစဉ်။ (ဓာတ်ပုံ သိန်းဝင်းလေး–မြန်မာ့အလင်း)

အဘိုးများအား ကုသိုလ်ပြု

၁၃၆၆ ခုနှစ် နှစ်ဆန်းတစ်ရက်က နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ အဘိုးများအား အမျိုးသမီးငယ်များက ခြေသည်း၊ လက်သည်းများ ညှပ်ပေး၍ ကုသိုလ်ပြုကြစဉ်။ (ဓာတ်ပုံ သိန်းဝင်းလေး–မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် နယ်မြေရှိ မုဆိုးတောင်စေတီ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်နယ်မြေရှိ မုဆိုးတောင်စေတီရင်ပြင် မင်္ဂလာမဏ္ဍပ်၌ မုဆိုးတောင်စေတီ ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားတွင် စိန်ဖူးတော်ကို ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

■ **ကျောဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များအား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရ မြင့်အောင်၊ တပ်မတော်အရာရှိကြီး များ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ မွန်၊ ကရင်နှင့် ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူများ၊ ဘုရားဖူးလာပြည်သူများ က ကြိုဆိုကြသည်။

တင်လှူပူဇော်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် နယ်မြေရှိ မုဆိုးတောင် စေတီရင်ပြင်မင်္ဂလာ မဏ္ဍပ်၌ကျင်းပသည့် မုဆိုးတောင် စေတီ ရွှေထီးတော်တင်မင်္ဂလာအခမ်း အနားသို့ တက်ရောက်ကြည်ညိုပြီး ရွှေထီးတော်ကို တင်လှူပူဇော်သည်။

အဆိုပါ ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒ စရိယ ဘဒ္ဒန္တ ဇောတိကာလင်္ကာရနှင့် ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပတို့ အမှူးပြုသော ကျိုက်ထိုမြို့နယ်အတွင်းမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူ ကြပြီး မွန်ပြည်နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်ဌာနဆိုင်ရာအကြီးအကဲ များ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၊ အလှူရှင် မိသားစု များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ မင်္ဂလာစည်တော် အဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒ စရိယ ကျိုက်ထိုမြို့ မာန်အောင် ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဇောတိကလင်္ကာရ က ဩဝါဒကထာ ချီးမြှင့်တော်မူ သည်။

ဆက်လက်၍ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာ ကျိုက်ထီးဆောင်းကျောင်း တိုက်အုပ် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နာဂိန္ဒထံမှ နိုင်ငံတော် ဝန်ကြီး ချုပ်နှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်သံဃာ တော်များက ပရိတ်တရားတော်များ ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော် မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော် အား ရည်မှန်း၍ စိန်ဖူးတော်အား ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပထံ ဆက်ကပ်လှူဒါန်း ပြီး ဆက်လက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စေတီတော်အား ရည်မှန်း၍ ငှက်မြတ် နားတော်အား ကျိုက်ထီးဆောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ဆက်လက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများက ဆရာတော်သံဃာတော် များထံ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်လက် လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေး ဆိုင်ရာများလျှောက်ထားရာတွင်–

ယနေ့ကျင်းပသည့် မုဆိုးတောင် စေတီတော်ရွှေထီးတော်တင်လှူပူဇော် နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲသို့ ကြွရောက် ချီးမြှင့်တော်မူကြသော ကျိုက်ထိုမြို့နယ်အတွင်းမှ ဆရာတော် ကြီးများနှင့် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်း ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ဖူးမြော်ကြည်ညိုခွင့်ရရှိသဖြင့် ကုသိုလ် မင်္ဂလာတရားများ တိုးပွားရပါကြောင်း ကို ရှေးဦးစွာ လျှောက်ထားအပ်ပါ ကြောင်း၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့ တွင် ရွှေထီးတော် တင်လှူပူဇော်ပွဲ ကုသိုလ်ကောင်းမှုကို ပြုလုပ်ဆည်းပူး ကြရခြင်းသည် လိုလားအပ်၊တောင့်တ အပ်၊ နှစ်သက်အပ်သော ကောင်းကျိုး ချမ်းသာမင်္ဂလာကျက်သရေအပေါင်း ခညောင်းသည့် နေ့ထူးနေ့မြတ်ဖြစ် သည်နှင့်အညီ ကောင်းမှုကုသိုလ်ပြုသူ များအတွက် အလွန်မွန်မြတ်သည်ဟု အယူရှိကြပါကြောင်း။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးတောင်စဉ် တောင်တန်း တစ်လျှောက်တွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးစတင် တည်ရှိသည့် အချိန်နှင့် မရှေးမနှောင်း တည်ထားကိုးကွယ်ခဲ့ကြသော စေတီ တော်များမှာ မုဆိုးတောင်စေတီ၊ ရသေ့ တောင်စေတီ၊ နဂါးဘုရား၊ ဖားဘုရား၊ ကျောက်သမ္ဗာန်စေတီ၊ ကျောက်ဆီယို စေတီ၊ မြသပိတ်စေတီ စသည်ဖြင့် ကျိုက်ထီးရိုးစေတီတော်ကြီး၏ အနီး ပတ်ဝန်းကျင် တောင်ထွတ်များပေါ် တွင် တည်ရှိခဲ့ပါကြောင်း။

ဤမုဆိုးတောင်၌ ကျိုက်ထီးရိုး စေတီတော်ကြီးကို တည်ထားခဲ့သည့် တိဿရသေ့ကြီး၏ တပည့် မုဆိုးကြီး သည် အကျွတ်တရားရ၍ မုဆိုးအဖြစ် ကို စွန့်လွှတ်ပြီးလျှင် ဤတောင်ပေါ်၌ ဆက်လက်နေထိုင် တရားကျင့်သုံးခဲ့ ခြင်းကြောင့် မုဆိုးတောင်ဟု အမည် တွင်ခဲ့ကြောင်း၊ ယင်းမုဆိုးတောင်ပေါ်၌ တည်ထားကိုးကွယ်ခဲ့ကြသော စေတီ တော်ကိုလည်း မုဆိုးတောင်စေတီဟု ခေါ်ဆိုခဲ့ကြကြောင်းကို မှတ်သားရပါ ကြောင်း၊ ယင်းမုဆိုးတောင်စေတီတော် ကြီး၏ ရွှေထီးတော်၊ ငှက်မြတ်နား တော်၊ စိန်ဖူးတော်တို့သည် နှစ်ကာလ ကြာညောင်းသဖြင့် ဟောင်းနွမ်းဆွေး မြည့်လာခဲ့ရာ တပည့်တော်တို့ နိုင်ငံ တော်အစိုးရ၏ လျှောက်ထားမေတ္တာ ရပ်ခံချက်အရ ကျိုက်ထီးဆောင်း ဆရာတော်ကြီးအမှူးပြုသော တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့နှင့် နိုင်ငံတော်အစိုးရတို့ စုပေါင်းလှူ ထီး တော်အဟောင်းအစား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်အသစ် ပြုလုပ်၍ တင်လှူရန် စီစဉ်ခဲ့ကြပါ ကြောင်း။

ကောင်းကျိုးချမ်းသာ

ဤရွှေထီးတော်တင်လှူသည့်နေ့ တွင်ပင် ရွှေနန်းကျင်ဗိမာန်ဖွင့်ခြင်းနှင့် မုခ်ဦးရွှေထီးတော်တင်လှူခြင်းမင်္ဂလာ အခမ်းအနားများကိုလည်း ဆက်လက် ပြုလုပ်ကြမည်ဖြစ်ပါကြောင်း၊ ဤ ကဲ့သို့ ရှေးဟောင်းစေတီပုထိုးများနှင့် ရှေးဟောင်း အဆောက်အအုံများကို မွမ်းမံခြင်းသည် အသစ်တည်ဆောက် ရခြင်းထက် ပိုမိုအကျိုးထူးခြားကြောင်း ဆရာတော်ကြီးများ၏ မိန့်ကြားမှုကို ကြားနာခဲ့ရပါကြောင်း၊ ထို့အပြင် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဤကဲ့ သို့သော ထူးခြားသော အလှူဒါန ပြုမှု၊ ကောင်းမှုကုသိုလ်ပြုမှုများသည် ထူးခြားသော ကောင်းကျိုးချမ်းသာများ ရရှိသည်ဟုလည်း အယူအဆရှိကြ ပါကြောင်း၊ ထို့ကြောင့် တပည့်တော် အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်ကြီးထာဝရ အေးချမ်းသာယာ ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ တော်ကြီးဖြစ်ထွန်းရေးကိုလိုလားတောင့် တအပ်ပါသဖြင့် တောင့်တချက်ဆန္ဒ အတိုင်း ပြည့်ဝပါစေကြောင်း။

မြန်မာတို့၏ နှစ်ဦးနှစ်သစ်မင်္ဂလာ အချိန်ကာလတွင် ပြည်သူအများ ဒုက္ခ ကင်းဝေးပြီး ကောင်းကျိုးချမ်းသာ အဖြာဖြာရရှိစေရန်လည်း ဆုတောင်း အပ်ပါကြောင်း၊ ကမ္ဘာသူကမ္ဘာသား လူသားအားလုံး အန္တရာယ်ကင်း ဘေးရှင်းပြီး ကျန်းမာချမ်းသာကြပါစေ ကြောင်း။

ထိုတင်မက နောက်ထပ်လိုလား အပ်သည်မှာ ဤကဲ့သို့ ရှေးဟောင်း စေတီတော်များ၊ သာသနိက အဆောက်အအုံများကို ပြုပြင်မွမ်းမံ ရခြင်း၊ ရှေးဟောင်းစေတီတော်မြတ် အား ရွှေထီးတော်အသစ် တင်လှူရ ခြင်း၊ ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းဆက်ကပ်လှူဒါန်း ရခြင်း ကုသိုလ်ကောင်းမှုအစုစုတို့ ကြောင့် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်သို့ ဧကန်ရောက် ရှိရပါလိုကြောင်း၊ နိုင်ငံတော်အစိုးရ နှင့်တကွ ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမ အပေါင်းတို့သည် အလှူ ရေစက်လက်နှင့်မကွာ သာသနာတော် မြတ်ကြီးအား ထောက်ပံ့လှူဒါန်း ကြလျက် ကုသိုလ်မင်္ဂလာတရားများ ဆည်းပူးနိုင်ကြပါစေကြောင်း၊ ဗုဒ္ဓ သာသနာတော်မြတ်ကြီး နေလိုလလို ထွန်းလင်းတောက်ပပါစေကြောင်းဟု ဆုမွန်ကောင်းတောင်းလျက် တပည့် တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ် အပ်ပါကြောင်းဖြင့် လျှောက်ထား သွားသည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တပညာဒီပက အနု မောဒနာတရား ချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင် များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သာသနာရေးဝန်ကြီး ဌာနမှ လက်ထောက်ညွှန်ကြားရေး မှူး ဦးစံသင်းလှိုင်က မုဆိုးတောင် စေတီအား ရွှေထီးတော်ဘုံအဆင့်ဆင့် တင်လှူပူဇော်ခွင့်ပြုပါရန် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များအား လျှောက်ထားသည်။

လှည့်လည်ပူဇော်

ယင်းနောက် မုဆိုးတောင် စေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာ အစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ ဒေဝဝင်း ရာဇာဝင်းများ ခြံရံလျက် ကျိုက်ထီးဆောင်း ဆရာတော် ဦး ဆောင်ကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ် ချုပ်ကြီး ခင်ညွန့်က စိန်ဖူးတော်ကို လည်းကောင်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ငှက်မြတ်နားတော်ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ရွှေထီးတော် ဘုံ အဆင့်ဆင့်ကိုလည်းကောင်းပင့်ဆောင် ကြကာ မုဆိုးတောင်စေတီအား လက်ယာရစ် လှည့်လည်ပူဇော်ကြ သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို စေတီတော် ပေါ်သို့ သာဟတ္ထိက ကိုယ်တိုင် ပင့်ဆောင်ကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မင်္ဂလာ အချိန်တွင် မုဆိုးတောင်စေတီ၏ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ် နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူ ပူဇော်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ရောင်တော်ဖွင့် ပူဇော်သည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော်ဘဒ္ဒန္တပညာဒီပက မေတ္တာပို့ ပတ္ထနာပြုဆုတောင်းပေးပြီး ပရိသတ် အားလုံးကအမျှအတန်းပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိသားစု တို့က လှူဒါန်းသည့် တံခွန်တိုင်အား စိန်ဖူးတော်၊ ရွှေထီးတော် တင်လှူပွဲ ကိုကျင်းပရာ အလှူရှင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စိန်ဖူးတော်၊ ရွှေထီးတော်တို့ကို တံခွန်တိုင်အထွတ်သို့ ပင့်ဆောင် တင်လှူပူဇော်သည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက မေတ္တာပို့ ပတ္ထနာပြုဆုတောင်းပြီး ပရိသတ်အားလုံးက အမျှအတန်း ပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မုဆိုးတောင် စေတီ ရွှေထီးတော်တင်ခြင်း မင်္ဂလာ အခမ်းအနားနှင့် တံခွန်တိုင်အား စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူခြင်း မင်္ဂလာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ယင်းအချိန်တွင် သဘင်ပညာရှင် မန္တလေးသိန်းဇော်က မင်္ဂလာစည်တော် အဖွဲ့နှင့်တွဲဖက်ကာ မြတ်ဆုမွန်နှင့် အောင်ဩဘာ မင်္ဂလာရတုတို့ကို သီကျူးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်သို့ ရောက်ရှိ၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပြီး

အမွှေးနံ့သာတို့ဖြင့် ရေစင်တော်သွန်းလောင်းကာ ရောင်တော်ဖွင့်ပူဇော်သည်။

ကပ်လှူပူဇော်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် အာရုံခံတန်ဆောင်းမှ စေတီတော်အား ပန်း၊ ရေချမ်းများဖြင့် ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော်တို့အား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ရှိ ရွှေနန်းကျင်ဗိမာန်ဖွင့်ပွဲ အစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က ရွှေနန်းကျင်ဗိမာန်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆရာတော်က မေတ္တာပို့ ပဌာန်းပြုဆုတောင်းပေးပြီး ပရိသတ်များက သာဓု အနုမောဒနာ ပြိုင်တူရွတ်ဆိုဆုတောင်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းအချိန်တွင် သဘင်ပညာရှင်မန္တလေးသိန်းဇော်က မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်ကာ "အောင်စေအေးစေ"နှင့် "မြတ်ဆုမွန်"ဓမ္မပူဇာတေးများဖြင့် သီကျူးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေနန်းကျင်ဗိမာန်ဖွင့်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးရွာသွန်းဖြိုးပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုက်ထိုဟိုတယ်သို့ ရောက်ရှိကြပြီး ရှင်းလင်းခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား Onyx International Co., Ltd. မှ ဦးသန်းဟန်က ကျိုက်ထိုဟိုတယ်၏လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေနှင့် ထပ်မံ တိုးချဲ့ဆောက်လုပ်မည့် အစီအစဉ် အဆောက်အအုံဒီဇိုင်းပုံစံများ Economy Type ၁၀ ခန်း အပါအဝင် စုစုပေါင်း အခန်း ၉၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအပြည့်အဝပေးနိုင်ရန်အတွက် အခန်း ၅၀ ပါ ခေတ်မီ တိုးချဲ့အဆောက်အအုံသစ် တစ်ဆောင်ကို ထပ်မံ တည်ဆောက်လျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင် ဆီမီး ၉၀၀၀ ဓမ္မာရုံခန်းမ၌ မွန်ပြည်နယ်သထုံခရိုင် ကျိုက်ထိုမြို့နယ်မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ကျိုက်ထိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းက ကျိုက်ထိုမြို့နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊လူမှုရေး၊ပညာရေး၊ ကျန်းမာရေး၊ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်မှု အခြေအနေများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်အေးချမ်း စိုက်ပျိုးရေးနည်းပညာပေးမှုများ အပါအဝင် လိုအပ်သည့်ပံ့ပိုးမှုများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဦးဆောင်ဦးရွက်ပြု နည်းလမ်းကြဲဆ စည်းရုံးပညာပေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်စေရေး ရည်မှန်းချက်ကိုလည်း လက်တွေ့ဖြစ်မြောက်စေရန် ပုဂ္ဂလိကကဏ္ဍကို စည်းရုံးဦးဆောင်ပြီး လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း၊

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်ကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် အလေးထား ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတွင် အဓိကကျသည့် ကျေးလက်ဒေသလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်သွားကြဖို့ လိုကြောင်း။

မြို့နယ်အဆင့် တာဝန်ခံများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အဓိက တာဝန်ရှိသူများဖြစ်ရာ ကျေးလက်အထိ ရောက်အောင်သွားပြီး ကျေးလက်နေ ပြည်သူများ၏ လိုအပ် လုပ်ငန်း ကဏ္ဍအလိုက် ဖွဲ့စည်းပေးထားသော ကော်မတီများတွင် တက်ညီလက်ညီပူးပေါင်းပါဝင်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တိုင်ပင်ဆွေးနွေးကာ စုပေါင်းဦးဆောင်မှု၊ စုပေါင်း ဆောင်ရွက်မှု၊ စုပေါင်း တာဝန်ယူမှုတို့ဖြင့် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအသီးသီးတွင် သက်ဝင်လှုပ်ရှား ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

တိုးတက်မှုများ

ဖွဲ့စည်းတည်ဆောက်ပေးထားသော အုပ်ချုပ်ရေးယန္တရားကို သွက်လက်ထက်မြက်စေပြီး စုစည်းညီညွတ်စွာဖြင့် တစ်စိတ်တည်း တစ်ဝမ်းတည်း အရှိန်မြှင့် လှုပ်ရှားကြိုးပမ်းဆောင်ရွက်ကြပါမှ ထင်ရှားပီပြင်သည့် အောင်မြင်တိုးတက်မှုများ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

ထို့အပြင် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ခြိုးခြံချွေတာရေးမူနှင့်အညီ လျှပ်စစ်စွမ်းအား၊ စက်သုံးဆီ၊ ဘဏ္ဍာငွေမှအစ မကုန်သင့်သည်များ မကုန်စေရအောင် အကျိုးရှိ ထိရောက်စွာ စနစ်တကျ ခြိုးခြံသုံးစွဲကြဖို့ လိုအပ်ကြောင်း။

လုပ်ငန်းများထိရောက်အောင်မြင်စေရေးတွင် နိုင်ငံတော်အတွင်း ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ် စသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကိုလည်း ပေါင်းစပ် အသုံးပြုနိုင်ဖို့ လိုကြောင်း။

ပြည်သူများအပိုင်းကလည်း မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်အောင်၊ ဝင်ငွေတိုးပွားပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်ဆောင်ရွက်ကြဖို့လိုအပ်မှာဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်နယ်မြေရှိ မုဆိုးတောင်စေတီရင်ပြင် မင်္ဂလာမဏ္ဍပ်၌ မုဆိုးတောင်စေတီ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မုဆိုးတောင်စေတီအား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။ (သတင်းစဉ်)

ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးက ဝီရိယအားနှင့် စေတနာအား ပေါင်းစပ်ပြီး စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် မိမိဒေသ မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမို ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြ စေတီတော်မြတ်ကြီးအား ထပ်မံဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ ရင်ပြင်တော်ပေါ်ရှိ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေနန်းကျင်ဗိမာန်မုခ်ဦး ရွှေထီးတော်ကို တင်လှူပူဇော်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေနန်းကျင်ဗိမာန်ကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ရွှေနန်းကျင် ဗိမာန်အတွင်းရှိ ကျိုက်ထီးရိုးပုံတော်ပွား စေတီတော်သုံးဆူအား ကျိုက်ထီးဆောင်းဆရာတော်နှင့် နိုင်ငံတော် ဝန်ကြီးချုပ်တို့က အမွှေးနံ့သာရည်များဖြင့် ရောင်တော်ဖွင့်ပူဇော်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေနန်းကျင်ဗိမာန်အတွင်း ပူဇော်ထားသည့် ပုံတော်များအား အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေနန်းကျင်ဗိမာန်အတွင်းရှိ ရွှေနန်းကျင်ဗိမာန် မော်ကွန်းကမ္ပည်း (မြန်မာဘာသာ)နှင့် ရွှေနန်းကျင်ဗိမာန် မော်ကွန်းကမ္ပည်း (အင်္ဂလိပ်ဘာသာ)တို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

သီကျူးပူဇော်

ယင်းနောက် ကျိုက်ထီးဆောင်း နှင့် ဆောင်ရွက်သွားမည့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခေတ်မီစနစ်ကျနသော အဆောက်အအုံသစ်ဖြစ်ရေး၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ပီပီပြင်ပြင်ဆောင်ရွက်ရေး မှာကြားပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုက်ထိုဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထပ်မံတည်ဆောက်

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းပိုင် ကျိုက်ထိုဟိုတယ်ကို Onyx International Co., Ltd. က ငှားရမ်းလုပ်ကိုင်လျက်ရှိပြီး ယခုအခါ ဟိုတယ်တွင် Superior Type ၂၈ ခန်း၊ Standard Type ၂၄ခန်း၊ Family Type သုံးခန်း၊ Bamboo House ၂၅ လုံးနှင့် သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးသင့်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက တာဝန်ကျေ သက်သက် သဘောမထားဘဲ ဝီရိယနှင့် စေတနာအားအပြည့်ဖြင့် ကြိုးပမ်း ဆောင်ရွက်ကြရန် ပထမဆုံးမှာကြားလိုကြောင်း။

ပညာပေးဆောင်ရွက်

နိုင်ငံတော်က ပေးထားသည့် ဒေသအလိုက် ဝမ်းစာဖူလုံရေး ရည်မှန်းချက်၊ သီးနှံအလိုက် အထွက်တိုးရေး ရည်မှန်းချက်များပြည့်မြောက်အောင်မြင်စေရေးအတွက် ဒေသခံတောင်သူလယ်သမားများအား အထွက်တိုး မျိုးကောင်းမျိုးသန့်ဖြန့်ဝေပေးမှု၊

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် အာရုံခံတန်ဆောင်း၌ ဆရာတော်သံဃာတော်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ခံယူရရှိပြီး ပြည်သူများ၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် မှန်ကန်သော ဦးဆောင်မှု၊ ထိရောက်သော စည်းရုံးမှု၊ ပညာပေးမှုများ ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း။

သို့ဖြစ်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများအားလုံးက

ပံ့ပိုးပေး

ဤကဲ့သို့ ပြည်သူအများကလည်း ကြိုးစားအားထုတ်ဖို့ လိုအပ်သကဲ့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ပြည်သူများ၏လုပ်ငန်းများတိုးတက်ဖြစ်ထွန်းအောင် စည်းရုံးဦးဆောင်ပြီး လိုအပ်သည်များကို ပံ့ပိုးပေးကြရမှာဖြစ်ကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်၏ ရည်မှန်းချက်များပြည့်မြောက်အောင်မြင်စေ သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင်ရှိ သာသနိကအဆောက်အအုံများဘက်စုံပြုပြင် မွမ်းမံထားမှုကိုလည်းကောင်း ကျိုက်ထီးရိုးတောင်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆံတော်ရှင် ကျိုက်ထီးရိုး

ကမ္ဘာ့မြင်ကွင်းတွင် ထင်လင်းလာတော့မည့် အမျိုးသားကန်တော်ကြီးဥယျာဉ်

တက္ကသိုလ်တင်ခ

ပြုပြင်မွမ်းမံထားမှု ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ၂၀၀၄ခုနှစ် ဧပြီ ၁၃ရက် နံနက်ပိုင်း၌ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ပြုပြင်မွမ်းမံထားမှုများကို ကြည့်ရှုကြစဉ်။

စာရေးဆရာကြီး မောရစ်ကောလစ်သည် လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော်ခန့်က ပြင်ဦးလွင်ကို တောင်စခန်းမြို့အဖြစ် တည်ဆောက်နေဆဲ အခြေအနေကို ဤသို့ ရေးသားခဲ့သည်။ "ကျွန်တော်ဟာ မေမြို့ အနာဂတ် စီမံကိန်းတွေနဲ့ အတော်အလုပ်ရှုပ်နေပါတယ်။ မေမြို့ ဧရိယာတစ်ခုလုံးကို အကွက်ရိုက်ပြီး ဘိုင်လောဥပဒေကို ထုတ်ပြန်ဖို့လဲ ကြိုးစားနေပါတယ်။ ဒါမှ ကိုယ့်ဝင်း၊ ကိုယ့်ခြံနဲ့ တကယ်ကောင်းတဲ့ မြို့တစ်မြို့ ပေါ်လာမှာပဲ"စသည်ဖြင့် ကမ္ဘာကျော် စာရေးဆရာကြီး မြန်မာပြည် အရေးပိုင်ဟောင်း မောရစ်ကောလစ်က သူရေးခဲ့သော The Journey Out Ward စာအုပ်တွင် ပြင်ဦးလွင်အကြောင်း ရေးသားထားပုံမှာ စိတ်ဝင်စားစရာ ကောင်းလှသည်။

ကမ္ဘာကျော်စာရေးဆရာကြီး မောရစ်ကောလစ် စိတ်ကူးယဉ်ခဲ့သော အိပ်မက်မြင်ကွင်းသစ် ယခု ထင်လင်းလာခဲ့ပါပြီ။ ၁၉၁၈ခုနှစ်တွင် စတင်တည်ထောင် ဖွင့်လှစ်ခဲ့သော ပြင်ဦးလွင်အစိုးရ ရုက္ခဗေဒဥယျာဉ်ကို အဆင့်မြင့်မွမ်းမံပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် ပြင်ဦးလွင်အမည်ဖြင့် ၂၀၀၁ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီ ဖြစ်သည်။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့တွင် ပထမအဆင့် အဆင့်မြင့်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသည့် အမျိုးသား ကန်တော်ကြီးဥယျာဉ် ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၈ ရက် နံနက်က အဆိုပါဥယျာဉ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ချီးမြှင့်ပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် ကမ္ပည်းမှတ်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို ၁၉၁၈ခုနှစ်တွင် မေမြို့ အစိုးရရုက္ခဗေဒဥယျာဉ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ သက်တမ်း နှစ်ပေါင်း ၈၀ ကျော်ခဲ့ပြီ ဖြစ်ပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းပြည်ပသစ်မျိုးများ၊ ဝါးမျိုးများ၊ သစ်ခွ၊ ရွက်လှစသည့် သစ်ပင်ပန်းပင်များ စုဆောင်းစိုက်ပျိုးထားရှိသည်။ ယင်းဥယျာဉ်တွင် ရှားပါးတိရစ္ဆာန်များဖြစ်သည့် သားမင်း၊ ရွှေသမင်၊ ကြယ်လိပ်၊ ဒေါင်းစိမ်း၊ ဒေါင်းဖြူတို့ မွေးမြူပြသထားသည့်အပြင် စိမ်းလန်းစိုပြည် သာယာလှပရေးကိုလည်း ဆောင်ရွက်ထားရှိသည်။

ခေတ်မီ အဆင့်မြင့်နန်းမြင့်မျှော်စင်ကြီးကိုလည်း တည်ဆောက်ထားရှိရာ နန်းမြင့်မျှော်စင်မှ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုနိုင်ကြမည် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ နန်းမြင့်မျှော်စင်ကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြချက်နှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

"မြန်မာနိုင်ငံရှိ သစ်မျိုးစုံ၊ ဝါးမျိုးစုံ၊ ပန်းပင်မျိုးစုံတို့ကို အမျိုးသား ကန်တော်ကြီးဥယျာဉ် တစ်နေရာတည်းတွင် စုစုစည်းစည်း လေ့လာ မှတ်သားကြည့်ရှုနိုင်အောင် ပြည့်ပြည့်စုံစုံ စုဆောင်းပြသထားရမည် ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းအလိုက် ထင်ထင်ရှားရှား တည်ရှိ သည့် Natural Land Mark များ၏ ပုံတူများကို ကြည့်ချင် စဖွယ်၊ ဗဟုသုတ ဖြစ်ဖွယ်၊ လည်ချင်စဖွယ်ဖြစ်အောင် စီစဉ်ပြသ သွားရန်လည်း လိုကြောင်း၊ တဖြည်းဖြည်း Land Mark Garden of Myanmar ဖြစ်အောင်၊ ထင်ရှားကျော်ကြားသည့် ဥယျာဉ်ကြီးတစ်ခုဖြစ်အောင် ပျော်ရွှင်ချမ်းမြေ့ ကြည်နူးစွာဖြင့် လေ့လာအပန်းဖြေနိုင်သည့် ဥယျာဉ်ကြီးတစ်ခုဖြစ်အောင် တစ်ဆင့်ပြီး တစ်ဆင့် ကြိုးပမ်းတည်ဆောက်သွားရန် ဖြစ်ကြောင်း"

မှာကြားခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ၂၀၀၄ခုနှစ် ဧပြီ ၁၃ ရက် နံနက်ပိုင်းတွင် ပြင်ဦး လွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို သွားရောက် ကြည့်ရှု စစ်ဆေးခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရှေးဦးစွာ ရှင်းလင်း ဆောင်၌ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လမ်းညွှန်ချက်များနှင့်အညီ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို အဆင့်မြင့် မွမ်းမံပြင်ဆင် ဆောင်ရွက်ခဲ့မှုများနှင့် သစ်မျိုး၊ ဝါးမျိုး၊ သစ်ခွမျိုးများ၊ ပန်းမျိုးများ စုံလင်အောင် စုဆောင်းစိုက်ပျိုးထားမှု၊ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ပြည်နယ်တိုင်းအလိုက် ထူးခြားစွာ တည်ရှိနေမှုများကို သရုပ်ဖော်ထားသည့် Natural Land Marks Garden တည်ထောင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ဥယျာဉ်အတွင်း နန်းမြင့်မျှော်စင် တည်ဆောက် ဖွင့်လှစ်ခဲ့ရာ နန်းမြင့်မျှော်စင်သို့ လာရောက်လေ့လာကြမှု၊ အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ ပြည်တွင်းပြည်ပမှ တိုးတက်လာရောက်လျက် ရှိသည့် ဧည့်သည်များအခြေအနေနှင့် ဝင်ငွေတိုးတက်ရရှိမှု အခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"အမျိုးသားကန်တော်ကြီးဥယျာဉ်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ရာ ယခုအခါ အရှိန်အဟုန်ရရှိနေပြီဖြစ်သဖြင့် ပို၍ ပြည့်စုံစေအောင်၊ ပို၍ သာယာကြည်နူးဖွယ်ရာ၊ လေ့လာဖွယ်ရာ ဖြစ်အောင် အစဉ်ပြုပြင်မွမ်းမံဖြည့်ဆည်းနေရန်လိုကြောင်း၊ ယခင် မိမိရောက်ရှိစဉ် မှာကြားခဲ့သည့် လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက် များကိုလည်း ပြည့်စုံအောင် အကောင်အထည်ဖော်သွားရန် ဖြစ်ကြောင်း။

သာယာကြည်နူးဖွယ်ရာ၊ အပန်းဖြေစရာ၊ လေ့လာမှတ်သားဖွယ်ရာ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့်စပ်လျဉ်း၍ ပြည်သူအများက ကျယ်ကျယ်ပြန့်ပြန့် သိရှိနေပြီး တစ်နှစ်ထက်တစ်နှစ် ပိုမို လာရောက်လေ့လာခြင်းဖြင့် တစ်ဖက်တစ်လမ်းမှလည်း ဝင်ငွေတိုးတက်ရရှိအောင် စီမံဆောင်ရွက်ကြရန် ဖြစ်ကြောင်း"

မှာကြားလမ်းညွှန်ခဲ့သည်။

ကမ္ဘာကျော်စာရေးဆရာကြီး မောရစ်ကောလစ်သည် မြန်မာနိုင်ငံအကြောင်း သိကောင်းစရာ အဖြာဖြာကို သူ့ခေတ်သူ့အခါ သူ့စာဖြင့် ရေးသား ဖော်ပြထားခဲ့သည်။ ယခုအခါ ပြင်ဦးလွင်သည် အသွင်ထူး မြင်ကွင်းဖြင့် ထင်လင်းပွင့်သစ်ခဲ့ပါပြီ။

အထူးသဖြင့် အမျိုးသားကန်တော်ကြီးဥယျာဉ် ပြုပြင်မွမ်းမံမှုသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်ကောင်းမွန်တိုးတက်လာသည်။ ပြည်တွင်း သစ်မာမျိုး ၄၈၂ မျိုးအပြင် ပြည်ပသစ် ၆၇ မျိုးတိုးတက်စုဆောင်းနိုင်ပါပြီ။ ကမ္ဘာ့ရှားပါးစာရင်းဝင် ဇာမဏီငှက် အထီးအမတစ်စုံ ရှိနေပါပြီ။ ပြည်ပ ငှက်မျိုး ၁၆ မျိုးထိ တိုးတက်ရရှိထားနိုင်ပါပြီ။ ကမ္ဘာ့ရှားပါးစာရင်းဝင် သားမင်းလေးကောင် မွေးမြူထားရာ မျိုးပွားရန် အရွယ်ရောက်ရှိနေပြီ ဖြစ်သည်။

ကမ္ဘာကျော်စာရေးဆရာကြီး မောရစ်ကောလစ် စိတ်ကူးယဉ်အိပ်မက် မြင်ကွင်းသည် ယခုအခါ လက်တွေ့ အကောင်အထည်ပေါ်လာခဲ့ပြီ ဖြစ်သည်။ မြန်မာနိုင်ငံအစိုးရ၏ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ကမ္ဘာ့မြင်ကွင်းတွင် ထင်လင်းသာယာလှပသည့် ရုက္ခဗေဒဥယျာဉ်ကြီး အဖြစ် ဆန်းသစ်ထင်ရှား လာတော့မည်ဟု ယုံကြည်မျှော်လင့်ထား

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် တာဝန်ရှိသူများ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးမိသားစုများ၏ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူ ခင်း အခမ်းအနားတွင် ဆရာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးမိသားစုများ အန္တရာယ်ကင်းပရိတ်တရားတော်များနာယူ

ရန်ကုန် ဧပြီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မိသားစုများ၏ မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ် တန်ခူးလပြည့်ကျော်(၁၃)ရက် ၂၀၀၄ ခုနှစ် ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်၊ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ တက်ရောက် ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ ရန်ကုန်မြို့ ဒဂုံပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာနန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒဂုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒနှင့် ဆရာတော်သံဃာတော်များက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ပဓာနနာယကဆရာတော်ထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့က ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မြန်မာနှစ်သစ်မင်္ဂလာအတွက် မင်္ဂလသုတ်ပရိတ်တော်နှင့် အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဇနီးနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းနှင့်စာနယ်ဇင်း

အလားတူ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူခြင်းနှင့် ဆွမ်းဆက်ကပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းအေး၊ အကြံပေးပုဂ္ဂိုလ် ဦးတင်ခ၊ ညွှန်ကြားရေးမှူးများ၊ စာတည်းမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ပုဇွန်တောင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ မြသိန်းတန် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကေသရထံမှ ဧည့်ပရိသတ်တို့က နဝင်္ဂသီလ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မင်္ဂလသုတ်နှင့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေ၍ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းအေးနှင့် တာဝန်ရှိသူတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မန္တလေးကိုယ်ပွား

အလားတူ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့ မြန်မာ့အလင်း၊ ကြေးမုံကိုယ်ပွား သတင်းစာတိုက်၌ ကျင်းပသည်။

ယင်းနောက် စာတည်း ဗိုလ်ကြီး ညွန့်ဇော်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

✻ နှစ်သစ်မင်္ဂလာမှ

ထို့ပြင် ရန်ကုန်မြို့တော်အတွင်းရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်တွင် စေတီတော်နေ့အလိုက် ရင်ပြင်တော် သန့်ရှင်းရေးတံမြက်လှည်းအသင်းများ၊ ဝတ်အသင်းများ၊ ရွှေစင်ရွှေပြားကပ်လှူ အသင်းများက မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများကပ်လှူခြင်း၊ စုပေါင်းသီလခံယူခြင်း၊ သောက်ရေသန့်ဘူးများ၊ အအေးများကို စတုဒိသာဒါနပြုခြင်း၊ ကျေးငှက်နှင့် ငါးများကို အဘယဒါန ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ခြင်း စသည့် ကောင်းမှုကုသိုလ်များပြုကြသကဲ့သို့ မိသားစုအလိုက် ကုသိုလ်ပုညဆည်းပူးကြသူများကလည်း နံနက်အရုဏ်တက်ချိန်မှစ၍ မြတ်စွာဘုရားအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မေတ္တာဘာဝနာစီးဖြန်းခြင်း၊ သံဃာတော်များအား ဆွမ်းလောင်းလှူခြင်း၊ သီတင်းသီလဆောက်တည်ခြင်း စသည့် ကုသိုလ်ကောင်းမှုများပြုမူကြသည့်အပြင် စေတီတော် ပရဝဏ်အတွင်း၌ ဘုရားဖူးပရိသတ်စည်ကားရာအရပ်တို့၌ ရေသန့်လုပ်ငန်းရှင်များ၊ အဖျော်ရည်လုပ်ငန်းရှင်များကလည်း ၎င်းတို့ ထုတ်လုပ်သော ရေသန့်ဘူးများ၊ ဖျော်ရည်ဘူးများကို စတုဒိသာဒါနပြုကြသည်ကို တွေ့ရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမိသားစု သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ် ဇီဝိတဒါန သက်လွှတ်ခြင်းနှင့်စုပေါင်းသွေးလှူ

ရန်ကုန် ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ယနေ့မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအလှူဒါနအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ဝန်ထမ်းမိသားစုများက ဗဟန်းမြို့နယ် အလယ်တောရ စံပြစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၅နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ(ပထမထပ်)ရှိ မုခ်ဦးဆောင် အခန်းအမှတ်(မ–၁၀၅)နှင့် (မ–၁၀၆)တို့၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလယ်တောရ စံပြစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ အမှူးပြုသော ပင့်သံဃာတော် ၁၅ ပါးတို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဗဟိုရုံးများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဗဟိုရုံးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**(ဝဲပုံ)**ကြပြီး ဗဟန်းမြို့နယ် အလယ်တောရ စံပြစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ဝန်ထမ်းမိသားစုများသည် တာဝန်ရှိသူများ ကြီးကြပ်လိုက်ပါ၍ မော်တော်ယဉ်များဖြင့် လှော်ကားရေလှောင်ကန်သို့ သွားရောက်ကြပြီး ငါးကောင်ရေ ၂၅၀၀ ကို ရေလှောင်ကန်အတွင်းသို့ ဇီဝိတဒါန သက်လွှတ်ပေးကြသကဲ့သို့ စာကလေးငှက်ကောင်ရေ ၃၀၀ နှင့် ကြက်တူရွေးတစ်ကောင်တို့ကိုလည်း ဇီဝိတဒါန သက်လွှတ်ပေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ဝန်ထမ်းမိသားစုများသည် မင်္ဂလာဒုံရှိ တပ်မတော်ဆေးရုံကြီးသို့ သွေးလှူဒါန်းရန် သွားရောက်ကြသည်။

ရှေးဦးစွာ စုဝေးခန်းမ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူး ဦးအောင်သိမ်းက သွေးလှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ကုသမှုအကူဌာနကြီးမှူး ဗိုလ်မှူးကြီးမျိုးညွန့်က ကျေးဇူးတင်စကား ပြောကြားပြီး ရောဂါဗေဒပါရဂူ ဗိုလ်မှူးဒေါ်သင်းသင်းနွယ်က သွေးလှူဒါန်းခြင်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုသမှုအကူဌာနကြီးမှူး ဗိုလ်မှူးကြီးမျိုးညွန့်က သွေးလှူဒါန်းသည့်ဂုဏ်ပြုမှတ်တမ်းကိုပေးအပ်သည်။

ယင်းနောက် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ဆေးဝါးကုသမှု ခံယူနေကြသော တပ်မတော်သားများအတွက် ဝန်ထမ်းမိသားစု ၇၁ ဦးတို့က ဇီဝိတဒါနအဖြစ် စုပေါင်းသွေးလှူဒါန်းကြသည်။ **(သတင်းစဉ်)**

အေသင်အိုလံပစ်အမျိုးသမီးဘောလုံးခြေစစ်ပြိုင်ပွဲ မြန်မာနှင့်တရုတ်ယှဉ်ပြိုင်မည်

ရန်ကုန် ဧပြီ ၁၇

၂၀၀၄ခုနှစ် ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲအတွက် အာရှဇုန်ခြေစစ်ပွဲစဉ်များကို ဂျပန်နိုင်ငံ၌ ဧပြီ ၁၈ရက်မှ ၂၆ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ဧပြီ ၁၅ ရက်က ဂျပန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးအေးမောင်လေး၊ အုပ်ချုပ်သူအဖြစ် ဒေါ်မိမိမော်၊ လက်ထောက်နည်းပြအဖြစ် ဦးခင်မောင်ကို၊ သူနာပြုအဖြစ် ဒေါ်ယဉ်နွယ်ဦးတို့ပါဝင်ပြီး အားကစားသမားများအဖြစ် **(ဂိုး)** မေခင်ယမင်း၊ မြင့်မြင့်သန်း၊ မိုးမိုးစိန်၊ (နောက်တန်း) စန်းစန်းသိန်း၊ စန်းစန်းမော်၊ နွယ်နွယ်တိုး၊ မိုးမိုးဝါ၊ သက်သက်ဝင်း၊ နေဇာလင်းလင်းအောင်၊ နှင်းဆီမြင့်၊ သီတာဦး၊ **(အလယ်တန်း)** အေးနန္ဒာလှိုင်၊ သူဇာထွေး၊ သန်းသန်းထွေး၊ ခင်ကြေွထွေး၊ အေးချမ်းမြတ်၊ **(ရှေ့တန်း)** မိုင်နီလာထွေး၊ ဇင်မာဝမ်း၊ မာလာဝင်းနှင့် ခင်သီတာမြင့်တို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် ဧပြီ ၁၈ ရက် (ယနေ့)တွင် တရုတ်အသင်း၊ ဧပြီ ၂၀ ရက်တွင် တောင်ကိုရီးယားအသင်း၊ ဧပြီ ၂၂ ရက်တွင် ဂူအမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲတွင်အာရှတိုက်မှအမျိုးသမီး ဘောလုံးအသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများကို အုပ်စုသုံးစုခွဲထားရာ အုပ်စု(က)တွင် စင်ကာပူ၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနှင့် တရုတ်(တိုင်ပေ)၊ အုပ်စု(ခ)တွင် မြန်မာ၊ တောင်ကိုရီးယား၊ တရုတ်နှင့် ဂူအမ်၊ အုပ်စု(ဂ)တွင် ဂျပန်၊ ဗီယက်နမ်နှင့် ထိုင်းတို့ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

အင်အားပြင်းငလျင်လှုပ်

ရန်ကုန် ဧပြီ ၁၇

၂၀၀၄ ခုနှစ် ဧပြီ ၁၆ ရက် မြန်မာစံတော်ချိန် ၀၈ နာရီ ၃၈ မိနစ် ၀၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် ၁၆၅၂မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ဒသမ၂အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင် တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်စေရန် မပြတ်လေ့လာတီထွင်ကြံဆ ဖြည့်ဆည်းပံ့ပိုးပေး

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အောင်မြင်အောင် ကျေးလက်အရောက်ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်(တောင်ပိုင်း)ခရိုင် ကျောက်တန်းမြို့နယ် မြို့နယ်အားကစားခန်းမ အဆောက်အအုံသစ်ဆောက်လုပ်ခြင်း အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဧပြီ ၁၆ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါအားကစားခန်းမသစ် ဆောက်လုပ်မည့်နေရာရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မင်္ဂလာအုတ်မြစ်ကို စီထားပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက ကျောက်တန်းမြို့နယ် အားကစားခန်းမ အဆောက်အအုံသစ်ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားတွင် နဝရတ်ကိုးပါး ရတနာအုတ်များကို သတ်မှတ်နေရာအသီးသီးတွင် ပြိုင်တူစီထားမြှုပ်နှံပေးကြစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန် (တောင်ပိုင်း) ခရိုင်နှင့် ကျောက်တန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အားကစားခန်းမ အဆောက်အအုံသစ် ရတနာအုတ်မြစ်စီမည့် သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအခါတော်ပေး ဆရာကြီး ဦးကျော်က စိန္တာမဏိ ရတနာဏိ ဂါထာတော်ကို သုံးကြိမ်ရွတ်ဆို၍ ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပေးပြီး မင်္ဂလာမော်ကွန်းကမ္ပည်း ကျောက်စာကို ဖတ်ကြားပူဇော်သည်။

ပေး ဆရာကြီးဦးကျော်က စိန္တာမဏိမန္တန်တော်ကို ရွတ်ဆိုပူဇော်ပေးပြီး မင်္ဂလာစည်တော်အဖွဲ့က ရွှေဘုန်းတော်တိုးရတနာမိုး ဘုန်းတော်ဘွဲ့ဖြင့် တီးမှုတ်ပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုးငွေမိုး ရွာသွန်းဖြိုးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ယာယီရှင်းလင်းခန်းမ၌ အေစီအီး ဆောက်လုပ်ရေး မန်နေဂျင်း ဒါရိုက်တာ ဦးတင့်ဆန်းက ကျောက်တန်းမြို့နယ် အားကစားခန်းမကို အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၃၆ ပေနှင့် ရှေ့မျက်နှာစာတွင် အလျားပေ ၃၀၊ အနံပေ ၂၀ ရှိ အဝင်မုခ်ဦးအပါအဝင် ခေတ်မီဒီဇိုင်းပုံစံဖြင့် အားကစားဝန်ကြီးဌာနနှင့်ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် တည်ဆောက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ကျောက်တန်းမြို့ရှိ အီလက်ထရွန်နစ်စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နဝရတ်ကိုးပါး ရတနာငွေကြုတ်ကို အုတ်မြစ်တော် အလယ်ဗဟို၌ မြှုပ်နှံပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများက မင်္ဂလာအချိန်ကျရောက်သည်နှင့် နဝရတ်ကိုးပါးရတနာအုတ်များကို သတ်မှတ်နေရာအသီးသီးတို့၌ ပြိုင်တူစီထားမြှုပ်နှံပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက မော်ကွန်းကမ္ပည်း ကျောက်စာကို အုတ်မြစ်တော်အလယ်တွင် ဖုံးအုပ်ပေးကြပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းအချိန်တွင် မင်္ဂလာအခါတော်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေးဆွဲတင်ပြထားသည့် ခေတ်မီဒီဇိုင်းပုံစံအတိုင်း အားကစားခန်းမကို အချိန်မီ တည်ဆောက်ဖွင့်လှစ်နိုင်ရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားကြရေး မှာကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောက်တန်းမြို့ ကျိုက်မှော်ဝန်းရေလယ်စေတီတော်သို့ ရောက်ရှိရာ စေတီတော်ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ဘုရားဖူးပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်ရှိ ဆုတောင်းပြည့်ငါးစပ်ဘုရားကို ပန်းဆီမီးတို့ဖြင့် ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကျိုက်မှော်ဝန်းရေလယ်စေတီတော် ဂေါပကအဖွဲ့က ကျိုက်မှော်ဝန်းရေလယ်စေတီတော်၏ ဘက်စုံတည်ဆောက်ပြုပြင်မွမ်းမံမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဌာနဆိုင်ရာများနှင့်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျိုက်မှော်ဝန်းရေလယ်စေတီတော်အတွက် အလှူငွေများကို စေတီတော်ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်ရှိ ရှင်ဥပဂုတ္တမထေရ်မြတ်အား ဖူးမြော်ကြည်ညိုပြီး ရှင်ဥပဂုတ္တမထေရ်မြတ် စံကျောင်းတော်နှင့် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်ကမ်းပါး ပိုမိုခိုင်ခံ့ရေးအတွက် ရေတားနံရံအုတ်စီထားမှုနှင့် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်မှုများကို မှာကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့ အီလက်ထရွန်နစ် စာကြည့်တိုက်သို့ ရောက်ရှိကြရာပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အေစီအီး ဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးတင့်ဆန်းက အီလက်ထရွန်နစ်စာကြည့်တိုက်တည်ဆောက်မှုလုပ်ငန်း အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားပြီး အီလက်ထရွန်နစ်စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကျောက်တန်းမြို့အီလက်ထရွန်နစ် စာကြည့်တိုက်တွင် ပညာရပ်ဆိုင်ရာ စာအုပ်များ အပါအဝင် စာအုပ်စုစုပေါင်း ၁၇၂၈၁ အုပ်၊ စီဒီကတ် ၄၃၁ ခု၊ ကွန်ပျူတာနှင့် တီဗွီများထားရှိပေးထားပြီး နေ့စဉ် စာအုပ်ငှားရမ်းသူများ၊ စာဖတ်သူများ၊ ကွန်ပျူတာလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောက်တန်းမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ကျောက်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အခြေအနေကို မေးမြန်းသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က ကျောက်တန်းမြို့နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် လိုအပ်မှုများကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အမှာစကားပြောကြားရာတွင် မြို့နယ်ဌာနဆိုင်ရာ အားလုံးသည် မိမိတို့တာဝန်ယူနေကြရသည့် မြို့နယ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများတိုးတက်ဖြစ်ထွန်းမှုရရှိလာကြစေရန်၊ မပြတ်လေ့လာတီထွင်ကြံဆ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးသွားကြရန်မှာကြားလိုကြောင်း။

ထို့ပြင် နိုင်ငံတော်က ချမှတ်ပေးထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ပါ လုပ်ငန်းကဏ္ဍများအလိုက် အောင်အောင်မြင်မြင်ဖြစ်ထွန်းစေရအောင် ကျေးလက်ဒေသအရောက်ဆင်းပြီး စေတနာအား၊ ဝီရိယအား ပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း။

မိမိတို့ မြို့နယ်များတွင် ပညာရေး၊ ကျန်းမာရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေးစည်ပင်သာယာရေး စသည့် ကဏ္ဍအလိုက် ဖွဲ့စည်းပေးထားသည့် ကော်မတီများ စုပေါင်းညီညွတ်သည့် စွမ်းအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် မြို့နယ်များ၏ဖွံ့ဖြိုးမှုများအလျင်အမြန်ဖြစ်ထွန်းလာနိုင်မှာဖြစ်ကြောင်း။

မိမိတို့ မြို့နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများအပါအဝင်ပြည်သူများ၏ အင်အားကို ရယူပေါင်းစပ်ပြီး မှန်ကန်သောဦးဆောင်မှုဖြင့် မိမိတို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားပြီးတွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး အသစ်တည်ဆောက်လျက်ရှိသည့် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော် ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၈-၄-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“၆၂ ပါးသော မိစ္ဆာဒိဋ္ဌိများ”**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု The Importance of Money (စီးပွားရေး၊စီးပွားစီမံ၊ပြည်သူ့ရေးရာ)
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ မြန်မာ့ရှုခင်း
၆:၄၀ ၁၀။ လျှပ်တစ်ပြက်
၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဉာဏ်ကျယ်လေး”** (အပိုင်း-၉)
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ လျှပ်တစ်ပြက်
၁၅။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သစ္စာမဏ္ဍိုင်”**(အပိုင်း-၃၃)

ကျောက်တန်းမြို့ အေးငြိမ်းချမ်းသာမဟာမင်္ဂလာသိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များကရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် ဥက္ကဋ္ဌာရာမ ကျောင်းတိုက်ရှိ အေးငြိမ်းချမ်းသာ မဟာမင်္ဂလာသိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားတွင် သန်လျင်မြို့ မင်းကျောင်းစာသင်တိုက်ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ကုသလ ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် ဥက္ကဋ္ဌာရာမကျောင်းတိုက်အတွင်းရှိ အေးငြိမ်းချမ်းသာ မဟာမင်္ဂလာသိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုပြီး သိမ်တော်ကြီး၏ မင်္ဂလာကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ကျောက်တန်းမြို့ မင်းကျောင်း စာသင်တိုက် ပဓာန နာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရ၊သန်လျင်မြို့ မင်းကျောင်း စာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုသလ၊ ကျောက်တန်းမြို့ ဥက္ကဋ္ဌာရာမကျောင်းတိုက် ပဓာန နာယက ဘဒ္ဒန္တ ဝိစိတ္တ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများ၊ ဥက္ကဋ္ဌာရာမ ကျောင်းတိုက် အကျိုးတော်ဆောင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အေးငြိမ်းချမ်းသာ မဟာမင်္ဂလာသိမ်တော်ကြီး မင်္ဂလာကမ္ပည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ရေစက်ချမင်္ဂလာ အခမ်းအနားကို အဆိုပါသိမ်တော်ကြီး၌ ဆက်လက်ကျင်းပရာ အခမ်းအနားကို ပရိသတ်များက နမော တဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးသည်။

သီလဆောက်တည်

ထို့နောက် သန်လျင်မြို့ မင်းကျောင်း စာသင်တိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကုသလထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များက ကိုးပါး သီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်မြတ်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မိသားစုတို့က ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဥက္ကဋ္ဌာရာမကျောင်းတိုက် အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိန်က အေးငြိမ်းချမ်းသာမင်္ဂလာ သိမ်တော်ကြီး ဆောက်လုပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း လျှောက်ထားသည်။

ထို့နောက် ကျောက်တန်းမြို့ မင်းကျောင်းစာသင်တိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရက အနုမောဒနာ တရားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပရိသတ်တို့ကလှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယမန်နေ့ ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပသည့် အေးငြိမ်းချမ်းသာ မဟာမင်္ဂလာသိမ်တော်ကြီးကို မိဘများ ဖြစ်ကြသော ဦးဘညွန့်–ဒေါ်စိန်ရှင်တို့အား အမှူးထား၍ ဒေါ်အေးမြင့်၊ ဦးထွန်းအုံ–ဒေါ်တင်မြင့်၊ ဦးစိန်ထွန်းအောင်+ဒေါ်ထွေးညွန့်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်–ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိသားစုတို့နှင့် ခုနစ်ရက်သားသမီး အပေါင်းတို့၏ သဒ္ဓါရှင်လန်းလှူဒါန်းမှုအစုစုဖြစ်သော အလှူတော်ငွေကျပ် ၈၅ သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် ဥက္ကဋ္ဌာရာမကျောင်းတိုက်ရှိ အေးငြိမ်းချမ်းသာ မဟာမင်္ဂလာသိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားအပြီး တွေ့ရစဉ်။ (သတင်းစဉ်)

ဧပြီ ၁၇ ရက်က ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၏ နှစ်သစ်မင်္ဂလာအန္တရာယ်ကင်း ပရိတ်တရားတော်များနာယူခြင်းနှင့် ဆွမ်းဆက်ကပ်ခြင်းအခမ်းအနားတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းအေးတို့က ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ်၊
ဦးတန်ခူး လဆုတ်ယ်နေ့ (ဥပုသ်နေ့)
၁၈–၄–၂၀၀၄
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ စလင်းရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ ဂုံညင်းတန်းတံတား
၁၁:၃၀ ၄။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း–၃၄)
၁၂:၁၅ ၆။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ သတ္တဋ္ဌာနခုနစ်ပတ်ဖြစ်စဉ် ဗုဒ္ဓဝင်
၁၃:၁၅ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **"မြန်မာ့နှစ်ဦး လတန်ခူး"** (ကျော်သူ၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ နှင်းပွင့်ဖြူ) (ဒါရိုက်တာ–မောင်နှင်းမိုး)
၁၄:၀၀ ၈။ ထုထည်ကြီးမားထင်ရှားဧကန် ဓမ္မရုံ
၁၄:၁၅ ၉။ တေးဂီတအစီအစဉ်
၁၄:၃၀ ၁၀။ ဆွာချောင်းရေလှောင်တမံ
၁၄:၄၅ ၁၁။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday use
၁၆:၄၀ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၁၇:၁၅ ၇။ ရွှေတိဂုံစေတီတော် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနား (၆–၄–၁၉၉၉)
၁၇:၄၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၉။ ညနေခင်းသတင်း
၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း–၄)
၁၉:၃၀ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉:၄၀ ၁၃။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ မြန်မာရုပ်ရှင် **"နှလုံးသားလျှို့ဝှက်ခန်း"** (ကျော်ဟိန်း၊မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်) ဒါရိုက်တာ–ကြည်ဖြူသျှင်
၁၈။ မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် မျက်နှာသစ်တော်ရေဆက်ကပ်လှူဒါန်း

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းသည့် မင်္ဂလာအခမ်းအနားကို ယနေ့ မြန်မာနှစ်ဆန်း၁ရက်နေ့ နံနက်၆နာရီခွဲတွင် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ကျင်းပသည်။



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်နှာသစ်တော်ရေဖြင့် ဆက်ကပ်လှူဒါန်းပူဇော်စဉ်။ (သတင်းစဉ်)

ကြည်ညိုပူဇော်

မင်္ဂလာအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူများ တက်ရောက် ကြည်ညိုပူဇော်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ သောက်တော်ရေချမ်းများဖြင့် ဆက်ကပ်လှူဒါန်းသည်။

မျက်နှာသစ်တော်ရေဆက်ကပ်

ထို့နောက် မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းသည့် မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။ ထိုအချိန်တွင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရှိန်အောင်ဗိုလ်က သဗ္ဗဗေယျာမင်္ဂလာ အောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းနိုင်ရန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား လက်ယာရစ်ပူဇော်ပြီး သတ်မှတ်နေရာ၌ နေရာယူကြသည်။

ဂါထာတော်ရွတ်ဖတ်

မင်္ဂလာအခါတော်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်္ဂလာအောင်အိုးတော်ကို ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်နှာသစ်တော်ရေတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်သည်။ထိုအချိန်တွင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရှိန်အောင်ဗိုလ်က "ဆုတောင်းပြည့်အနန္တ သုခရတနာဒီပ" ဂါထာတော်ဖြင့် ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ တိႆကြား ဦးသန်းလှက မျက်နှာသစ်တော်ရေ ပူဇော်မှုဒါနအစုစုတို့ကို ၃၁ ဘုံသားတို့အား အမျှပေးဝေသည်။

ထို့နောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

မင်္ဂလာအခမ်းအနား အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်းဓမ္မကုန်းတော်ပေါ်ရှိ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးသည်။**(သတင်းစဉ်)**

ပုရစ်ဖူးတွေ တာရှူနေသို့

* တာသကြ်န်ရေသဘင်ပွဲ
ဆင်နွှဲလို့ပြီးခဲ့ပြီ၊
နှစ်ဟောင်းက ညစ်အနွမ်း
ပက်ဖျန်းအတာရေကြောင့်
လန်းဖြာဝေ ထိန်ထိန်တောက်
နှစ်သစ်လည်းရောက်ခဲ့ပြီ။

* ဒီနှစ်သစ်
ဖူးပုရစ်မြိုင်လုံးဝေ
တောတောင်တွေအစဉ်လှဖို့
စိမ်းမြရောင်ခြယ်ကာသဖို့
ပင်စည်က အားကိုယူ
တာရှူသည့်ပုံလိုပဲ၊
ကြံ့တွေးမြော်မြင်
စုဝေး တိုင်ပင်လို့
တိုင်းရပ်ခွင် မြန်ပြည်တစ်ဝန်းကိုလ
သမိုင်းဇာတ်တွင် အစဉ်သာလန်းစေမယ့်
အေးချမ်းဖြိုး ခေတ်မီ
ဒီမိုကရေစီ လူ့ဘောင်ကြီး
ဖန်တီး ရည်ဆောင်ဖို့
ညီနောင်တွေ တူယှဉ်တွဲကာပ
ညီလာခံ မဟာပွဲကို
နွှဲလိမ့်မလွဲ။ ။

ဖိုးဝ

စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုမရှိစေရေးစနစ်တကျပြင်ဆင် သတင်းစာအရည်အသွေးပိုမိုတိုးတက်ကောင်းမွန်ရေးဆောင်ရွက်

ရန်ကုန် ဧပြီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၁၅ရက်က မြန်မာ့အလင်းသတင်းစာတိုက်သို့ သွားရောက်ပြီး မဟာသင်္ကြန်ကာလအတွင်း မြန်မာ့အလင်းသတင်းစာ အလှည့်ကျနားရက်တွင် ဝန်ထမ်းများက ပုံနှိပ်စက်များကြံ့ခိုင်ရေးအတွက် စက်ပိုင်းဆိုင်ရာလုပ်ငန်းများ ပြုပြင်မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားကာ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများလိုက်ပါ၍ ညနေ၃နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်ရိပ်သာလမ်းသွယ်(၁)ရှိ မြန်မာ့အလင်း သတင်းစာတိုက်သို့ ရောက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ညွှန်ကြားရေးမှူး (စီမံ) ဦးစိုးဝင်း၊ မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ မန်နေဂျာဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အားပေးစကားပြော

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အလင်း သတင်းစာတိုက် ပုံနှိပ်စက်ခန်းသို့ သွားရောက်၍ စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေတို့က လိုက်လံရှင်းလင်းပြသကြရာ ဝန်ကြီးက စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု မရှိစေရေးအတွက် စနစ်တကျပြင်ဆင်ရေး၊ စက်အရန်ပစ္စည်းများထားရှိရေး၊ မင်ကျမင်နကောင်းမွန်ရေး၊ သတင်းစာ အရည်အသွေး ပိုမိုတိုးတက်သည်ထက် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများအား အားပေးစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်အရန်ပစ္စည်းများ ဝယ်ယူထားရှိမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေ လှောင်ကန်တည်ဆောက်ထားရှိမှုတို့ကိုလည်းကောင်း၊ လျှပ်စစ်ဝါယာကြိုးများအန္တရာယ်မဖြစ်အောင် ဆောင်ရွက်ရေးနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင် မြန်မာ့အလင်းသတင်းစာတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

ကြံ့ခိုင်မှုလုပ်ငန်းဆောင်ရွက်

မဟာသင်္ကြန် ကာလအတွင်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်ရှိ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် The New Light of Myanmar သတင်းစာများကို အလှည့်ကျထုတ်ဝေလျက်ရှိရာ၌ ဧပြီ ၁၂ရက်၊ ၁၃ရက်နှင့် ၁၄ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The New Light of Myanmar သတင်းစာတို့သည် တစ်နှစ်တာကာလအတွင်း သုံးရက်မျှ ခေတ္တနားခဲ့ရာ နားရက်များအတွင်း ဝန်ထမ်းများက စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်သည်။

အလားတူ ပြည်နယ်နှင့် တိုင်းများရှိ ကိုယ်ပွားသတင်းစာတိုက် ခုနစ်တိုက်တို့မှ ပုံနှိပ်စက်များကိုလည်း အလှည့်ကျ အနားပေးပြီး ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ခဲ့သည်။

(သတင်းစဉ်)

ရေနံဓာတ်ငွေ့ရည်စက်ရုံစတင်စမ်းသပ်လည်ပတ် ပညာရှင်များအချိန်ပြည့်ကြပ်မတ်ရေးဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီမှာကြား

ရန်ကုန် ဧပြီ ၁၇

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ရေနံဓာတ်ငွေ့ရည်စက်ရုံ စတင်စမ်းသပ်လည်ပတ်နေမှုအခြေအနေကို သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်၊ သဘာဝဓာတ်ငွေ့အသုံးပြုမှုနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေ၊ ရေနံဓာတ်ငွေ့ရည် ထုတ်လုပ်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းခွင်ထိခိုက်မှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ နည်းပညာပိုင်းတို့ကို သေချာစွာကြပ်မတ်ဆောင်ရွက်ရေး၊ စမ်းသပ်လည်ပတ်သည့်ကာလဖြစ်၍ တတ်ကျွမ်းသူ ပညာရှင်များက အချိန်ပြည့် ကြပ်မတ်ရေးမှာကြားပြီး ကျွမ်းကျင်သူ တရုတ်ပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်း ပေးအပ်ကာ စက်ရုံစမ်းသပ်လည်ပတ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)ကို ယခုအခါ စမ်းသပ်လည်ပတ်လျက်ရှိပြီး နက်ဖ်သာဓာတ်ဆီ၊ ပရိုပိန်းနှင့် ဗြူတိန်းဓာတ်ငွေ့ရည်များ ထုတ်လုပ်နိုင်ပြီဖြစ်သည်။ စက်ရုံစမ်းသပ်လည်ပတ်ခြင်းနှင့် အပြီးသတ်စစ်ဆေးခြင်းလုပ်ငန်းများပြီးပါက ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)မှ စီးပွားဖြစ်ရေနံဓာတ်ငွေ့ရည်များ ထုတ်လုပ်သွားတော့မည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ညောင်တုန်း–ရန်ကုန် ၁၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် ဆက်သွယ်ရေး လုပ်ငန်းခွင်များသို့သွားရောက်ကာ ပိုက်လိုင်းအသစ်များ နိုင်ငံခြားမှ ထပ်မံရောက်ရှိမှုအခြေအနေ၊ ပိုက်လိုင်းဆက်သွယ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးက ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သို့ ပိုက်များ အချိန်မီပို့ဆောင်နိုင်ရေးနှင့် မိုးမကျမီ အချိန်မီပြီးစီးရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြံ့ခိုင်သက်သာ ကွန်ပေါင်းတာယာ

သတင်းဆောင်းပါး - အထက်မင်းလှသူနှင့်အောင်
ဓာတ်ပုံ - စန်းအေး (မြန်/ဆက်)

ရန်ကုန် မေ ၁၇

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်ရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည်အဓိကအခန်းမှ ပါဝင်နေသည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်သည် အရှိန်အဟုန်ဖြင့်ပြောင်းလဲ တိုးတက်လာ

တာယာများကို အအေးပေါင်းရန် ပြင်ဆင်နေစဉ်။

မည်ဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်အနေနှင့် စက်မှုစွမ်းအားခေတ်ကျော်လွှားဟူသောဆောင်ပုဒ်ကို စွဲကိုင်ကာ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဖြစ် နိုင်ငံအနှံ့အပြားမြို့ကြီး များတွင် စက်မှုဇုန်ကြီးများတည်ထောင်ကာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အားပေး ဆောင်ရွက်ခဲ့သည်။ ဤသို့ဖြင့် နိုင်ငံတော်အတွင်း စက်မှုဇုန်၁၉ဇုန် ပေါ်ထွန်းလာပြီး နိုင်ငံတော်အတွက်အရေးကြီးသောသွင်းကုန်အစားထိုးလုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီ အဆင့်မြင့် စက်မှုထုတ်ကုန်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ပြသ ရောင်းချနိုင်ခဲ့ကြောင်းကို အားရကျေနပ်ဖွယ်ရာ တွေ့ရှိရသည်။

ရန်ကုန်တိုင်းရှိလှိုင်သာယာစက်မှုဇုန်သည် အဆင့်မြင့်စက်မှု ထုတ်ကုန်ပစ္စည်းများစွာကို ထုတ်လုပ်အောင်မြင်လျက်ရှိသောစက်မှုဇုန်တစ်ခုဖြစ်သည်။ လှိုင်သာယာစက်မှုဇုန်တွင် ထူးထူးခြားခြား မော်တော်ကားတာယာပန်းတင်စက်ရုံတစ်ရုံကို တွေ့ရသည်။ ထိုစက်ရုံမှာ Silver Hawk တာယာပန်းတင် စက်ရုံဖြစ်သည်။

Silver Hawkတာယာပန်းတင်စက်ရုံမှာ အမှတ် ၁၅၉၊ မြင်းဝန်ဦးအောင်သူလမ်း၊စက်မှုဇုန်အမှတ်(၂)လှိုင်သာယာတွင် ရှိသည်။

ပြည်တွင်း လိုအပ်ချက်ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြည့်ဆည်းနိုင်ပြီး သွင်းကုန်အစားထိုးလုပ်ငန်း တစ်ရပ်လည်းဖြစ်သော Silver Hawk ကားတာယာများ ပန်းတင်ထုတ်လုပ်မှုနှင့်ပတ်သက်၍ သိရှိနိုင်ရန် လှိုင်သာယာစက်ရုံသို့ သွားရောက် မေးမြန်းဖြစ်ခဲ့သည်။

ပထမဦးစွာ တာယာပန်းတင်ခြင်းလုပ်ငန်းအကြောင်းကို မေးမြန်းရာ တာဝန်ရှိသူတစ်ဦးက အောက်ပါအတိုင်း ရှင်းလင်း ပြောကြားသည်။

“တာယာပန်းတင်တဲ့လုပ်ငန်းဆိုတာ တာယာကွန်ပေါင်းလုပ်ငန်းဖြစ်ပါတယ်။ တာယာကွန်ပေါင်းလုပ်ငန်းဟာ သုံးစွဲ

တာယာများကို ရော်ဘာပြားကပ်စက်ဖြင့် ကပ်နေစဉ်။

ပြီးတာယာအဟောင်းတွေကိုအကောင်းဖြစ်သွားအောင် ကွန်ပေါင်းလုပ်ဆောင်ခြင်းဖြစ်ပါတယ်။ တာယာအသစ်ထက် ဈေးနှုန်းသက်သာတဲ့ ကွန်ပေါင်းတာယာများကို စင်ကာပူ၊ မလေးရှား၊ တရုတ်(တိုင်ပေ)နဲ့ ဂျပန်နိုင်ငံတွေမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါတယ်။ ဘာကြောင့် ဒီလိုသုံးသလဲဆိုတော့ ကွန်ပေါင်းတာယာတွေဟာ တာယာအသစ်တွေထက် ဈေးနှုန်းအများကြီးချိုပါတယ်။ အရည်အသွေးကောင်းမယ်ဆိုရင် တော်တော် ကြာကြာ အသုံးခံပါတယ်။ ဒါကြောင့် ကွန်ပေါင်းတာယာတွေ အသုံးများတာပါ။ ကျွန်တော်တို့ဆီမှာတော့ ၁၉၇၂ ခုနှစ်လောက်က ကွန်ပေါင်းတာယာထုတ်ခဲ့ဖူးတာတွေ့ရပါတယ်။ ဒါပေမယ့် အရည်အသွေးမကောင်းတဲ့အတွက် သုံးစွဲသူနည်းပြီး ထုတ်လုပ်မှုရပ်ဆိုင်းခဲ့တယ်။ ကျွန်တော်တို့ စက်ရုံမှာ အီတလီနိုင်ငံလုပ် စက်ကြီးများနဲ့ တပ်ဆင် အသုံးပြုတာဖြစ်လို့ ကျွန်တော်တို့ ထုတ်လုပ်တဲ့ ကွန်ပေါင်းတာယာတွေဟာ စံချိန်မီအရည်အသွေးကောင်း တာယာများ ဖြစ်ပါတယ်။ ကုန်ကြမ်းများကို ပြည်တွင်းက ၆၀ ရာခိုင်နှုန်း၊ ပြည်ပက ၄၀ ရာခိုင်နှုန်းမှာယူအသုံးပြုရပါတယ်။ ကျွန်တော်တို့ရဲ့ ကွန်ပေါင်းတာယာတွေဟာ အရည်အသွေး ကောင်းတဲ့အတွက် ပြည်ပက အမှာစာတွေလဲ ရရှိထားပါတယ်”။

တာယာ ကွန်ပေါင်းလုပ်ငန်း၏ ကုန်ကြမ်းမှာ တာယာအဟောင်းများပင် ဖြစ်သည်။ သို့ရာတွင် တာယာပန်းအနည်းငယ်ကျန်ရှိသော တာယာဖြစ်ရမည်။ တာယာအောက်ခံကြိုးများ မပေါ်သေးသော တာယာများဖြစ်ရမည်။ Steel တာယာများတွင် Steel ကြိုးပြတ်ခြင်းနှင့်တာယာလိမ်ကောက်မှု မရှိသေးသော တာယာဖြစ်ရမည်။ တာယာလေခိုခြင်းနှင့် အပေါက်အပြဲမရှိသော တာယာဖြစ်ရမည်။ သံဆူးပေါက်ပါသောတာယာများကို ဖာထေးပြုပြင်ပေးနိုင်သည်။ ဖာထေးပြုပြင်ခ ထပ်မံ ပေးဆောင်ရပါသည်။

တာယာပန်းတင်ခြင်း(ဝါ)တာယာကွန်ပေါင်းလုပ်ဆောင်ရာတွင် အအေးပေါင်း Cold Procoss နှင့် အပူပေါင်း Hot Procoss ဟူ၍ နှစ်နည်းရှိပါသည်။ Silver Hawk တာယာပန်းတင် စက်ရုံသည် အဆင့်မြင့် နည်းပညာသုံး စက်သစ်ကြီးများဖြင့် အပူပေါင်း၊ အအေးပေါင်း နှစ်မျိုးလုံးကို ဆောင်ရွက်ပေးနိုင်သည်။ Silver Hawk မှ ထုတ်လုပ်သော ကွန်ပေါင်းတာယာများသည် တာယာအသစ်နှင့် ခွဲခြားမရဘဲ ကုန်တင်ကားကြီးများနှင့် ဘတ်(စ်)ကားကြီးများ၏ ကုန်တန်ချိန် များကို ခံနိုင်ရည်ရှိခြင်း၊ တာယာအသစ်ကဲ့သို့ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ခြင်း၊ ထိပ်ပန်းများ အခွေလိုက် အလွယ်တကူ ပြုတ်မထွက်နိုင်ခြင်း၊ ထိပ်ပန်းများအချိန်တိုအတွင်းကွဲအက်မှု မရှိနိုင်ခြင်း၊ ထိပ်ပန်းများ အချိန်တိုအတွင်း ပန်းစားမှုနှုန်း နည်းပါးခြင်း၊ မော်တော်ယာဉ်အောက်ပိုင်းပျက်စီးမှုကို သက်သာစေပြီးမော်တော်ယာဉ် တုန်ခါမှုကို ခံနိုင်စွမ်းရည်ရှိခြင်း စသော အရည်အချင်းနှင့် ပြည့်စုံကြောင်း အာမခံလျက်ရှိသည်။

တာယာများကို ကော်ပတ်စား စက်ဖြင့်စားနေစဉ်။

Silver Hawk တာယာပန်းတင် စက်ရုံကို May Development Co.,Ltd. (Myanmar)နှင့် Bridgeman Pte;.Ltd. Singapore တို့ အကျိုးတူ ပူးပေါင်းတည်ထောင်သော စက်ရုံဖြစ်သည်။

စက်ရုံစတင်တည်ထောင်စဉ်မှပင် သွင်းကုန်အစားထိုး ဆောင်ရွက်ရန် နိုင်ငံတကာအသိအမှတ်ပြု နည်းပညာများဖြင့် အဆင့်မြင့်ကွန်ပေါင်းတာယာများ ထုတ်လုပ်ရန်နှင့် အရည်အသွေးကောင်းမွန် ဈေးနှုန်း သက်သာသော ကွန်ပေါင်းတာယာများ ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပဈေးကွက်ဖော်ဆောင်ရန်ဟူသော ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ခဲ့သည်။

ယခုအခါမန္တလေးတွင်လည်းရုံးခွဲဖွင့်လှစ်ကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ Silver Hawk သည် အရည်အသွေးကောင်းပြီး တာရှည်အသုံးခံသော ကွန်ပေါင်းတာယာများကို အရွယ်အစားမျိုးစုံ၊ဆိုက်မျိုးစုံကို လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သည်။

တာယာများကို အပူပေါင်းပြီးနောက် ထွက်လာစဉ်။

ဈေးနှုန်းအနေအထားနှင့်ပတ်သက်၍ ပြောကြားရာတွင်–

“ဈေးက အသစ်တွေထက် အများကြီးသက်သာပါတယ်။ အရည်အသွေးပိုင်းမှာလဲ အာမခံချက် ပေးနိုင်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ရဲ့ ကွန်ပေါင်းတာယာတွေက အသစ်တွေလိုပါပဲ။ ကီလိုမီတာ တစ်သောင်းလေးထောင်လောက် သုံးပြီးရင်တောင် ပန်းသားက ၃၀ ရာခိုင်နှုန်းလောက် ကျန်ပါသေးတယ်။ တရုတ်တာယာတွေထက် အများကြီး ပိုကောင်းပါတယ်။လောလောဆယ်ပန်းတင်ထားတဲ့ ကားကြီးတာယာဝယ်မယ်ဆိုရင် ခုနစ်သောင်းနဲ့ရှစ်သောင်းဝန်းကျင်လောက်တော့ကျလိမ့်မယ်။ နိုင်ငံတကာ ဈေးကွက်မှာ ကားကြီးတာယာဟာ သုံးသိန်းလောက်ဖြစ်နေတော့ ကျွန်တော်တို့ ဈေးနှုန်းဟာသက်သာလှပါတယ်”ဟု ၎င်းက ဆက်လက် ရှင်းပြသည်။

ယခုထုတ်လုပ်နေသောကွန်ပေါင်းတာယာများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာသည်ဆိုသော်ငြားလည်း ပြည်ပကုန်ကြမ်းကို သုံးစွဲနေရဆဲဖြစ်သည်။ နောင်အခါ ပြည်တွင်းမှ ကုန်ကြမ်းများရရှိလာပါက ယခုထက်ပင် ဈေးနှုန်းများ ပိုမို သက်သာလာနိုင်ပေသည်။

မည်သို့ပင်ဆိုစေ Silver Hawk တာယာပန်းတင်စက်ရုံသည် သွင်းကုန်အစားထိုးလုပ်ငန်းဖြစ်သော ကွန်ပေါင်းတာယာများကို ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးလုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်၏ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်တပ်တစ်အားပါဝင် ရွက်ဆောင်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ။

ဖေဖော်ဝါရီ ၂၁ရက်က ညောင်ရွှေမြို့နယ်မိုင်းလီချောင်းကြီး ရေစီးရေလာကောင်းမွန်ရေးနှင့် ချောင်းရိုးဝဲယာတစ်လျှောက် သန့်ရှင်းရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် တာဝန်ရှိသူများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။။ (၀၂၇)

သထုံမြို့ ဆုတောင်းပြည့်စေတီ စိန်ဖူးတော်၊ ထီးတော် အထွတ်တင်ပူဇော်

သထုံ ဧပြီ ၇

သထုံမြို့ ဘိုးဘွားရိပ်သာရှိ ဆုတောင်းပြည့်စေတီ စိန်ဖူးတော်၊ထီးတော် အထွတ်တင်ပူဇော်ပွဲကို ဧပြီ၄ ရက် နံနက် ၆နာရီခွဲက ကျင်းပသည်။

ရေးဦးစွာ ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအသင်း အမှုဆောင်များက စိန်ဖူးတော်၊ ထီးတော်၊ ဆပ်သွားဖူး၊ ရွှေပန်းခိုင်တို့ကို စေတီတော်မြတ်အား လက်ယာရစ် သုံးကြိမ် လှည့်လည်ပူဇော်ပြီး လက်ဆင့်ကမ်းသယ်ဆောင်ကာ သထုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်နှင့် ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးသောင်းဝင်းတို့က ဆုတောင်းပြည့် စေတီတော်မြတ်အား ထီးတော်၊ စိန်ဖူးတော်တို့ကို စေတီတော်၏ အထွတ်သို့ တင်ဆောင်ပူဇော်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မှတ်လှစ်

မတ် ၂၆ ရက်က မအူပင်မြို့နယ် ရွှေဘုန်းမြင့်ဘုရားလမ်း ကတ္တရာလမ်း ဖွင့်ပွဲကို စည်ပင်သာယာရေးဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးရဲမြတ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

လောကမာရဇိန်ဆုတောင်းပြည့်စေတီ ပဋ္ဌာန်းသိမ်းအောင်ပွဲကျင်းပ

အင်းတော် မတ် ၁၄

အင်းတော်မြို့ မြို့မပရိယတ္တိစာသင်တိုက် လောကမာရဇိန်ဆုတောင်းပြည့်စေတီတော်ရင်ပြင်တွင် ပထမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၏ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါစေတီတော်ရင်ပြင်တွင် ကျင်းပသည်။

သီလခံယူ

အခမ်းအနားကို ဘုရားကန်တော့ဖွင့်လှစ်ပြီး မြို့နယ်သံဃ နာယကအဖွဲ့ ဥက္ကဋ္ဌ အင်းတော်မြို့ မြို့မပရိယတ္တိစာသင်တိုက်ဆရာတော် ဦးကုန္ဒာသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ရေစက်ချတရားနာယူပြီး သံဃာ့ဝန်ဆောင် စက်ကုန်းကျောင်းတိုက် ဆရာတော် ဦးကုန္ဒက ဩဝါဒကထာ ချီးမြှင့်သည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များနှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြသည့် သံဃာတော်များအား မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အတွင်းရေးမှူး ဦးစိန်သောင်းနှင့် အဖွဲ့ဝင်များ၊ ပဋ္ဌာန်းကုသိုလ်ရှင်အပေါင်းတို့က ဆွမ်းဆန်စိမ်းများ၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို လောင်းလှူကြကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ **(၁၃၃)**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး ဆိုင်းဘုတ်တင်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်က မိုးညှင်းမြို့နယ် မီးစုရပ်ကွက် ဦးထွန်းရွှေအိမ်၌ ကျင်းပရာ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးရွှေနန်းတင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(၁၅၂)

အမြို့မြို့အနယ်နယ် သတင်းများ

ကျေးရွာချင်းဆက်လမ်း စစ်ဆေး

တောင်ကုတ် မတ် ၇

တောင်ကုတ်မြို့ မိုးရွာသစ်နှင့် ရွာမ ကျေးရွာချင်းဆက် လမ်းကို ဖေဖော်ဝါရီ ၂၅ရက်က တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ပေ ရှိ ကျောက်ချောလမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့်အဖွဲ့ စစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**

မိုးကောင်းမြို့နယ် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

မိုးကောင်း မတ် ၁၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၇ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လင်းနှင့် ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အေးတို့က ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် ဆရာဝန်ကြီး ဒေါက်တာ စိန်လင်းက အမှာစကား ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဂုဏ်ထူးတန်းတက်ခွင့်ရ ဂုဏ်ပြုဆုချီးမြှင့်

မန္တလေး မတ် ၂၀

မန္တလေးတိုင်း အမရပူရမြို့နယ် ထန်းတောရွာ အိမ်ဖြွေရှင်အဆောင် တတိယအကြိမ် ၂၀၀၃-၂၀၀၄ခုနှစ်၊ ထူးချွန်သော ကျောင်းသူများ ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ၂၀ရက် အဆောင်ဧည့်ခန်းမတွင် ကျင်းပသည်။

ချီးမြှင့်

ရေးဦးစွာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်က အမှာစကားပြောကြားပြီး အဆောင်ပိုင်ရှင် ဦးကျော်စိန်က နှစ်စဉ် အဆောင်နေ ထူးချွန်ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ရခြင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပါမောက္ခချုပ်နှင့် အဆောင်မှူး ဦးကျော်စိန်တို့က အထူးပြု ဘာသာရပ်များတွင် ဂုဏ်ထူးတန်း တက်ခွင့်ရ ကျောင်းသူ၁၃ဦးအား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ကြောင်း သိရသည်။ (**အပေါ်ပုံ**) **(၁၆၂)**

ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ဝတ်စုံပေးအပ်

ဂန့်ဂေါ မတ် ၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံအဆင့်ဆင့် တာဝန်ဝတ္တရားများနှင့် အမျိုးသမီးရေးရာ ဝတ်စုံများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲ ၁နာရီက ဂန့်ဂေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်း

အခမ်းအနားတွင် ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး လှဆွေက အမှာစကားပြောကြားပြီး မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်တင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်လင်းမေ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်အေးကြူတို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် လုပ်ငန်း အဖွဲ့များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းကြသည်။

ပေးအပ်

ထို့နောက်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာက ဂန့်ဂေါမြို့ပေါ် ရပ်ကွက်များရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များအတွက် ဝတ်စုံများကို ပေးအပ်သည်။ **(၂၇၃)**

မတ် ၄ ရက်က မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ တိုင်းရောင်းဝယ်ရေးအရာရှိရုံး(တ)အဆင့် ပဲခူးတိုင်း(အရှေ့ပိုင်း)ဒေသလက်အောက်ရှိ စက်သုံးဆီအရောင်းဆိုင်များမှ ဝန်ထမ်းများနှင့် ပဲခူးတိုင်း မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ညောင်လေးပင်မြို့ မီးသတ်ဦးစီးဌာနမှူး ဦးမောင်မောင်နှင့် အဖွဲ့က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၁၉-၄-၂၀၀၄

(တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (တာချီလိတ်မှ နိုင်းစတားဟိုတယ်)

၁၁း၄၀ ဟောပြောချက် (မိဘမေတ္တာ အကြောင်း) (သိပ္ပံမှူးတင်)

၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂း၂၅ အားကစားသတင်းပဒေသာ

ညနေပိုင်း

၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မိဘကျေးဇူး)

၁၈း၄၅ နေ့စဉ်သုံး အင်္ဂလိပ်စကား ပို့ချချက်(မင်းကျော်မင်းမိသားစု)

၁၉း၁၅ ဆို၊က၊ရေး၊တီးဆုရအစီအစဉ် (မန္တလေးတိုင်းမှ မျိုးသန့်တင်(ခ) ဗိုလ်ဗိုလ်သိန်း ဆိုင်းအဖွဲ့)

၁၄း၀၀ ရှမ်း၊ကချင်၊ကယား၊ကရင်(စကော)၊ ကရင်(ပိုး)၊ မွန်၊ရခိုင်

၂၀း၀၀ (တစ်ဘာသာလျှင် ၄၅မိနစ်)မှ အဝေးသင်တက္ကသိုလ်ပညာရေး အစီအစဉ်

ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို အသက်သက်မှ ပိုင်းဝန်းထိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ ... ပြည်သူများ ... ၂၀၀၅ ခုနှစ် မင်္ဂလာနှစ်သစ်ကူးမှစ၍ ... ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အမှတ် (၂၈၂)၊ အောင်မင်္ဂလာလမ်း၊ (၆၃) ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန် (၂)၊ ရန်ကုန်။ ဖုန်း – ၅၂၈၅၂၄၊ ၅၀၀၇၈၄၊ ၂၄၂၂၅၆၊ ၂၄၁၀၅၅၊ ၂၄၁၀၅၂

မြန်မာနှစ်သစ်အခါသမယမှာ ပြည်သူများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

KITCHEN MART (ခိချင်မတ်ဈေး)

ဆိုင် (၁)	–	(၃၃၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း	Tel : 245572
ဆိုင် (၂)	–	(၃၇)၊ ပါရမီလမ်း	Tel : 663646
ဆိုင် (၃)	–	(၀၃၃)၊ အနော်ရထာလမ်း	Tel : 227186
ဆိုင် (၅)	–	(၁၆၀)၊ ...	Tel : 541322
ဆိုင် (၆)	–	...	Tel : 245606
ဆိုင် (၇)	–	(၅)၊ ...	Tel : 572889
ဆိုင် (၁၀)	–	(၁၁)၊ ...	Tel : 643151
ဆိုင် (၁၂)	–	(၁၀၂)၊ ...	–

ရုံးချုပ် – ... Tel : 559215, 244537, 545117

... – (၃၃)၊ ... Tel : 570359, 703235

နေ့စားဝန်ထမ်းများ ခေါ်ယူမည်

(1) Promoter

(2) Sales

(3) Driver

ကျောက်စိမ်းရတုမင်္ဂလာဆုတောင်း

ဖေဖေ ဦးမြလွင်နှင့် မေမေ ဒေါ်တင်တင်သိန်းတို့၏ (၁၇–၄–၂၀၀၅)ရက်နေ့တွင် ကျရောက်သော (၃၅)နှစ်မြောက် ကျောက်စိမ်းရတုမင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးလမ်းကို မိသားစုများနှင့်အတူတကွ လျှောက်လှမ်းနိုင်ပါစေ။

ချစ်သားသမီးများ-

- ဒေါက်တာ သန္တာဆွေ
- ဗိုလ်မှူး သက်ထွန်းဇော်
- ဒေါက်တာအေးမင်းသန်း+ ဒေါက်တာအေးအေးခိုင်လွှင်

ချစ်မြေးငယ်- နိုင်စုဝတ်ရည်မင်း(ရွှေရွှေ)

နှင်းဆီကုန်းဘိုးတော်ဗိုလ်သာ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

နှင်းဆီကုန်းဘိုးတော်ဗိုလ်သာ

ဦးမြင့်သိန်း (ကျိုက်ထော်မြို့)
နိုင်ငံခြားစီးပွားဆက်သွယ်ရေး(ငြိမ်း)
အသက်(၆၆)နှစ်

ကျိုက်ထော်မြို့နေ ဦးပု–ဒေါ်ငွေတင်တို့၏သား၊ ဖျာပုံမြို့၊ အောင်သိဒ္ဓိကျောင်း ဆရာတော် ဦးသုမန၏ညီ၊ အမှတ် ၄၁၂၊ ဒုတိယ (ယာ)၊ အောက်ပုဇွန်တောင်နေ ဒေါ်ပို၏ခင်ပွန်း၊ မသန်းသန်းမြင့်(ခ)မသိန်းသိန်းမြင့်၊ မောင်စိန်မြင့်(အကောက်ခွန်ဦးစီးဌာန)–မသိမ့်သိမ့်အိ၊ မောင်ကျော်မြင့်တို့၏ ဖခင်၊ သားလေး၏ဘိုးဘိုးသည် ၁၁–၄–၂၀၀၅ ရက် နံနက် ၁၁း၂၀ နာရီတွင် ကွယ်လွန်သွား ပါ၍ ၁၃–၄–၂၀၀၅ ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဦးတင်ရွှေ
(ထားဝယ်)
အသက်(၄၉)နှစ်

တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၊ ရင်ကျေးရွာနေ ဦးကြွယ်–ဒေါ်အောင်ကြိုင်တို့၏သား၊ (ဦးဥာဏ်သင်း)–ဒေါ်ကျင်လွှမ်တို့၏သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာလမ်း၊ အမှတ်(၃၃)၊ လေးလွှာနေ ဒေါ်မာမာစိုး၏ခင်ပွန်း၊ မစုစန္ဒာ၊ မသီဂီဝင်း(အထက–၆အလုံ)တို့၏ဖခင်ဦးတင်ဖေ–ဒေါ်မြအေးတို့၏ညီ၊ ဦးသိန်းမြင့်–ဒေါ်မြသိန်းတို့၏အစ်ကို၊ ဦးတင်ရွှေသည် ၁၁–၄–၂၀၀၅ ရက်(တနင်္ဂနွေနေ့) နံနက် ၁နာရီ မိနစ် ၂၀တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၄–၂၀၀၅ ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ပုသိမ်မြို့ သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

မော်မော်စန်း ထိုးမုန့်နှင့်မုန့်မျိုးစုံသို့

အစ်ကိုကြီး ဦးဟန်မြိုင်နှင့်အစ်မကြီး ဒေါ်မေသက်မော်တို့၏ ဒါန၊ သီလ၊ ဘာဝနာ ဆောင်ရွက်ချက်များ နှစ်သစ်နေ့ပေါင်းများစွာ တိုးပွားအောင်မြင်ပါစေ။

ညီ–ဦးအောင်ကျော်စိုး ဒု–လ/ထစက်ရုံမှူး ဝါဒီစက်ရုံ

ညီမ–မမြသန်း အလုပ်ရုံအရာရှိ ဝါဒီစက်ရုံ

တူမ–ခင်သီတာစိုး–B.Sc P.G.D.T သစ်လှ ကလော

တူ–ဗိုလ်ကြီးတင့်နိုင်စိုး(ကလော)၊ ဗိုလ်ကြီးကျော်စွာစိုး(ရေ) ထားဝယ်

တူမ–မြသီတာစိုး A.G.T.I ,E.Co Final Yr.

မြေးများ–အာကာမင်းသူရိန်၊ မမိုးပွင့်ဖြူ

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာ ဒေါ်လှကြည်
အသက်(၈၁)နှစ်

မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ သားဖွားမီးယပ်ပညာအဖွဲ့မှ နာယကကြီး ပါမောက္ခ ဒေါက်တာ ဒေါ်လှကြည် အသက်(၈၁)နှစ်သည် ၁၁–၄–၂၀၀၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

သားဖွားမီးယပ်ပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးသောင်းမြိုင် (Managing Director) နှင့် Infinitum-Maze Co., Ltd.

မွေးနေ့ဆုတောင်း

၁၈-၄-၂၀၀၄ ရက်နေ့တွင်ကျရောက်သည့် ချစ်ဖေဖေကြီး ဦးဘတင်၏ (၈၂)နှစ်မြောက် မွေးနေ့နှင့် ၂၂-၄-၂၀၀၄ရက်နေ့တွင်ကျရောက်သည့် ချစ်မေမေ ဒေါ်ညွှန့်ညွှန့်ယဉ်၏(၈၃)နှစ်မြောက်မွေးနေ့မှသည်ကျန်းမာရွှင်လန်းစွာသက်ရာကျော် ရှည်ပါစေကြောင်း ဆုမွန်တောင်းလျက်–

ချစ်သမီးကြီး – ကြည်ကြည်ဦး(ဘေဘီ) ဒေ့ပါမောက္ခ၊ အရှေ့တောင်အာရှဘာသာများ လေ့လာရေးဌာန၊ နိုင်ငံခြားဘာသာများ လေ့လာရေးတက္ကသိုလ်၊တိုကျို၊ ဂျပန်။

ချစ်သား – သိန်းထွန်းအောင် (ဒုတိယဦးစီးမှူး၊ ခရိုင်ပြန်/ဆက်၊ မင်းဘူးမြို့)

ချစ်သမီးများ – သီသီတင်၊ စုစုတင်၊ သီတာစမ်းနှင့် ချစ်မြေး၊ ချစ်မြစ်များ၊ တောင်တွင်းကြီးမြို့။

ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေ ဦးသိန်းလှိုင် (မြို့နယ်မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း) မေမေ ဒေါ်တင်တင်ဝင်းတို့၏ ၁၈-၄-၂၀၀၄ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာမှသည် စိန်ရတုမင်္ဂလာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် သစ္စာမဏ္ဍိုင်စိုက်ထူနိုင်ပါစေလို့ ဆုတောင်း လိုက်ပါတယ်။

သားလတ်–မင်းသုခ

တပ်မတော်နည်းပညာတက္ကသိုလ်

သားငယ်–ကျော်ဇင်ဟိန်း

အထက (၁)သန်လျင်

ဗိဝိတာဒါနသံယာ့ဆေးရုံကြီး

အမှတ် ၃၈၊ ကိုယ်နှိုက်ကိုယ်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့

ဖုန်း ၅၄၈၈၃၅ ၊ ၅၄၅၅၈၂

အလှူရှင်များသို့ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

၁၃၆၆ ခုနှစ်တန်ခူးလပြည့်ကျော်(၁၃)ရက်တွင် ကျရောက်သော မြန်မာနှစ်သစ်ကူးမင်္ဂလာအခါသမယ၌ ဗိဝိတာဒါန သံယာ့ဆေးရုံကြီးသို့ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ လှူဒါန်း ကြကုန်သော စေတနာရှင် သာသနာ့ဝန်ထမ်း ရဟန်းတော်များ၊ သီလရှင်များနှင့် ပြည်သူအပေါင်း တို့အား ဘေးဘယာဝေးကွာ၍ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းကာ ကျန်းမာ ချမ်းသာတော် မူကြပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။

ဒုပ်ချုပ်ရေးအဖွဲ့။

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

၁၃၆၆ ခု နှစ်သစ်မင်္ဂလာအခါသမယတွင်

မြန်မာပြည်သူပြည်သားအပေါင်းနှင့် ရွှေအညာမြို့တော်ဆရာ စောင်ထားသည်...

[illegible]

ရွှေအညာမြို့တော်ဆေးခန်း ဆက်သွယ်ရန်

* [illegible]
* [illegible]
* [illegible]
* [illegible]
* [illegible]

ရွှေရည်ဝန်းကုမ္ပဏီ စက္ကူအမျိုးမျိုးရောင်းဝယ်ရေး

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်အခါသမယသို့ ရောက်ရှိလာသော
ရွှေမြန်မာတို့၏ ၁၃၆၆ခု နှစ်သစ်မင်္ဂလာမှစ၍
မြန်မာပြည်သူ ပြည်သားအပေါင်းနှင့်တကွ
ရွှေရည်ဝန်းကုမ္ပဏီမှ ဝယ်ယူအားပေးကြသော
မိတ်ဆွေသင်္ဂဟ၊ မိတ်ဟောင်း၊ ဆွေဟောင်းအပေါင်းတို့သည်
ကျန်းမာ၊ ချမ်းသာ၍ စီးပွားလာဘ်လာဘများ တိုးတက်ပါစေကြောင်း
ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရွှေရည်ဝန်းကုမ္ပဏီလီမိတက်

ဖုန်း–၂၄၂၄၀၃၊ ၂၅၀၉၂၁၊ ၂၄၃၁၂၄၊ ၀၉ ၈၀–၂၄၀၅၆



ဒေါ်စောပု (စစ်တွေ)
အသက်(၈၃)နှစ်

စစ်တွေမြို့နေ (ဦးထွန်းဇံဖြူ–ဒေါ်စံဝင်း)တို့၏သမီး၊ (ဒေါ်စောရင်)၊ (ဒေါ်စောနု)တို့၏ညီမ၊(ဦးရွှေထွန်းအောင်)၏ ဇနီး၊ အမှတ်(၃/၂)(A)၊ မေတ္တာလမ်း၊သီရိရတနာရိပ်သာ၊ ဘောက်ထော်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါက်တာ မျိုးမြင့်–ဒေါ်ခင်စောဝင်းတို့၏ မိခင်၊ မသင်းဖြူနု(ရန်ကင်းပညာရေးကောလိပ်)၊ မောင်ရန်နိုင်ထွန်း (ရန်ကင်းပညာရေး ကောလိပ်)တို့၏ အဘောင်ရှင်သည် ၁၂-၄-၂၀၀၄ (တနင်္လာနေ့) နံနက် ၀၀:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄ နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးနေ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဗိုလ်မှူးချုပ်စိန်လွင် (ငြိမ်း)
အသက်(၈၁)နှစ်

၉-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသော ဗိုလ်မှူးချုပ်စိန်လွင်(အငြိမ်းစား) နာမကျန်းစဉ်က မေတ္တာဖြင့် အဘက်ဘက်မှ ကူညီစောင့်ရှောက်ခဲ့သူများအား လည်းကောင်း၊ ကုသပေးသော SSC မှ ဆရာဝန်ကြီးများနှင့် အမှုထမ်းများအားလည်းကောင်း၊ ရန်ကုန်ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ICU မှ ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ကူညီပံ့ပိုး စုံစမ်းမေးမြန်းခဲ့ကြသော ဆွေမျိုးမိတ်ဆွေအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာဒေါ်လှကြည်
အသက်(၈၁)နှစ်

မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ သားဖွား/မီးယပ်ပညာအဖွဲ့မှ နာယက ပါမောက္ခ ဒေါက်တာဒေါ်လှကြည်သည် ၁၁-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

သားဖွား/မီးယပ်ပညာဌာန မိသားစု၊
မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၊
သဃ်န်းကျွန်း စံပြအထွေထွေရောဂါကုဆေးရုံကြီး၊
တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊
အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီး။

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဒေါ်လှကြည် အသက် (၈၁)နှစ် သားဖွားနှင့်မီးယပ် ပါမောက္ခ(ငြိမ်း)၊ နာယကမိဘဆရာအသင်း(အထက-၁၊ဒဂုံ) ကွယ်လွန်သွားပါကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
မိဘဆရာအသင်း(အထက-၁၊ဒဂုံ)။

ဇရပ်၊ သိမ်၊ ကျောင်း၊ ရဟန်းအမကြီး
ဒေါ်ရီရီ (မိုးကုတ်ယောဂီ)
ယာဉ်/စက်ကုန်သွယ်ရေး(အငြိမ်းစား)
(ရေကျော်)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ရေကျော်၊ နှင်းပန်းလမ်း၊ အမှတ်၇နေ (ဦးမူတူး-ဒေါ်သုန်)တို့၏သမီး၊ (ဦးအောင်သိန်း)-ဒေါ်မမလေး၊ (ဦးပု အငြိမ်းစားညွှန်မှူး၊ ဗဟိုစာရင်းရုံး)၊ (ဒေါ်မမလေး)၊ (ဦးအောင်ငြိမ်း-ဒေါ်ချိုချို)တို့၏ညီမ၊ (ဦးကြည်လွင် အငြိမ်းစား၊ဗဟိုစာရင်းရုံး)-ဒေါ်တင်ရီတို့၏အစ်မ၊ ဦးသောင်းညွန့်၊ ဦးရွှေတိုး သိန်း-ဒေါ်ခင်စန်းတို့၏အဒေါ်၊ ဒေါ်မူမူလွင်(Certified Public Accountant & Auditor,FAA Group, FMI Centre)၊ ဦးမင်းလွင်(B.Eco)-ဒေါ်ဥမ္မာဝင်း၊ ဒေါက်တာစမ်းစမ်းလွင်(ရန်ကုန်ကလေးဆေးရုံကြီး)-ဒေါက်တာကျော်ကျော်ဦး (ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး)တို့၏ကြီးကြီးမေမေ၊ ငြိမ်းငြိမ်းဝင့်၊ ငုဝါသွဲ့၊ အောင်မျိုးဟိန်း၊ ဆုမြတ်လွင်တို့၏ဘွားဘွားသည် ၁၆-၄-၂၀၀၄ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေးချို
အသက်(၇၃)နှစ်

(ဦးလှမောင်-ဒေါ်တင်ကြည်)တို့၏ သမီး၊ ရန်ကုန်မြို့၊ သစ္စာလမ်း၊ အမှတ် ၁၉ နေ ဦးတင်မောင်အေး (ကကဌေး၊ ငြိမ်း)၏ ဇနီး၊ မအေးမြတ်မိုး၊ မအေးမြတ်စိုး(ပင်စင်ဦးစီးဌာန)တို့၏မိခင်သည် ၁၅-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၄-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းရီ
အသက်(၆၇)နှစ်

ပဲခူးမြို့၊ အမှတ် ၂၁၃၊ ဇိုင်းဂနိုင်း (မြောက်ပိုင်း)၊ ကမ်းနားလမ်းနေ (ဦးကံသာ-ဒေါ်အုန်းရင်)တို့၏သမီး၊ရန်ကုန်မြို့၊အမှတ်၄၆၊ဇဋိလလမ်း၊တာမွေမြို့နယ်နေ (ဦးအောင်တင်)၏ ဇနီး၊ ဦးခင်မောင်လေး-ဒေါ်အေမီအောင်(အထက-၃၊ ပဲခူး) ဦးသက်အောင်(မှု/အုပ်၊ ဗဟို၊ ပဲခူး)-ဒေါ်ခင်ခင်နိုင်၊ ဦးတင်ရွှေ- ဒေါ်ဥမ္မာအောင်၊ ဒုရဲအုပ်သင်းအောင်(ရန်ကုန်လေဆိပ်၊မှူးယစ်)၊ ဒေါ်စပ္ပါယ်အောင်၊ ဦးအောင်ခိုင်(Golden Lion Co., Ltd.)-ဒေါ်ဝါဝါမိုးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၆-၄-၂၀၀၄ရက်(သောကြာနေ့)နံနက် ၃း၄၅နာရီတွင် ရွှေဗဟိုအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစိုးမြင့်
(မြန်မာ့လေကြောင်း)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော အလယ်ရပ်ကွက်၊ မြောင်းမြလမ်း အမှတ် ၂၉(က)နေ(ဦးဟုန်စိန်)-ဒေါ်ခင်တို့၏သား၊ ဒေါ်ခင်မူ၏ခင်ပွန်း၊ မောင်ထွန်းထွန်းဝင်း (B.E, Electronic)၊ မခိုင်မာဝင်း(Final Part II IM 1)၊မခင်ခင်ဖြူဝင်း(1^{st} Year, History) တို့၏ဖခင်သည် ကွယ်လွန်သွားပါ၍ ၁၄-၄-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ဦးစိုးမြင့်၏နာရေးတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဝင်းမောင် (ဒု-ဦးစီးမှူး)
ကြေး/မြေ(ရုံးချုပ်)
အသက်(၅၆)နှစ်

ဦးသန်းမောင်-(ဒေါ်တင်အေး)တို့၏သားကြီး၊ ကိုစောလင်း-မနုရွှေဝါ၊ ကိုအောင်အောင်-မခင်မာအေး၊ မအိအိလှိုင်တို့၏ဖခင်၊ မောင်မြတ်ဖုန်းမို၊ မောင်ညီလမင်းတို့၏အဘိုး၊ ပုသိမ်မြို့၊ ရယက (၁၄)၊ စီ-၁၊ ၁၂လမ်းနေ ဒေါ်တင်တင်မြင့်(Gano Excell, Myanmar)၏ခင်ပွန်းသည် ၁၄-၄-၂၀၀၄ ရက် ညနေ ၆း၃၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၀၄ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၂၀-၄-၂၀၀၄ရက်တွင် ပုသိမ်မြို့ နေအိမ်၌ ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဇော်နိုင်ဦး(ခ)
ဂျူကာမောင်မောင်
(ရုပ်ရှင်၊ ဗီဒီယိုနတ်ရေကန် ရွှေစောင်းဆုရှင်)
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးဘိုကြီး-ဒေါ်ကျင်ရွှေတို့၏သားကြီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (က+ခ) ရပ်ကွက်၊ က/၂ လမ်း၊ အမှတ် ၁၃၄နေ (ဦးတင်ရီ)-ဒေါ်နှင်းကြည်တို့၏ သားသမက်၊ ဒေါ်ဝါဝါတင်၏ခင်ပွန်း၊ မခင်ဌေးရီ၊ မခင်နှင်းဝေ၊ (ကိုဝင်းရီ)-မခင်ဌေးလှ၊ ကိုခင်မောင်ကြည်-မနီလာ၊ ကိုထင်အောင်-မဝင်းစန္ဒာ၊ ကိုကိုလွင်-မညွန့်ညွန့်ဝင်း၊ ကိုညီညီလွင်-မခင်လှစော၊ မပပကေသီ (မြန်မာ့အာမခံ)၊ ကိုအောင်မြင့်ခိုင် - မကေခိုင်ဦးတို့၏ အစ်ကိုကြီး၊ မအိရွှေစင်၊ မောင်စည်သူမောင်(ထ-၂၊အင်းစိန်)၊ မရွှန်းလဲ့ကြည်ဖြူတို့၏ဖခင်၊ တူ တူမ ခုနစ်ယောက်တို့၏ဘဘကြီးသည် ၁၂-၄-၂၀၀၄ရက် နံနက် ၁၁း၁၅ နာရီတွင် အမှတ် ၂၂၊ ပန်းပင်ကြီးလမ်း၊ကြည့်မြင်တိုင်မြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါ်အေးမြင့် (မော်လမြိုင်)
အသက်(၈၀)

၈-၄-၂၀၀၄ ရက်တွင် တောင်ငူမြို့၌ ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်အေးမြင့် (မော်လမြိုင်) နာမကျန်းစဉ်က အထူးဂရုစိုက် ကုသပေးခဲ့ကြသော တောင်ငူပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ဆရာမများ၊ သူနာပြုများအားလည်းကောင်း၊ မိခင်ကြီး၏ ဈာပနသို့ လိုက်ပါပို့ဆောင်၍ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့ အသီးသီးမှ အကြီးအကဲများနှင့် စစ်ဘက်နယ်ဘက်မှ မိသားစုများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေများ၊ လွမ်းသူ့ပန်းခြင်းများ ပေးပို့ကြသော မိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ ကြေးနန်းဖြင့်လည်းကောင်း၊ သတင်းစာများ တွင်လည်းကောင်း နှစ်သိမ့်အားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျန်ရစ်သူသားသမီးများက ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသိန်းဝင်း (သိန်းဝင်းကြီး)
အကြီးတန်းသတင်းထောက် (ကြေးမုံသတင်းစာတိုက်)
အသက်(၅၂)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ ၁၀လမ်း၊ အမှတ် ၁၀၃၄ နေ (ဦးဖုန်)-ဒေါ်ကြည်ညွန့်တို့သားကြီး၊ ဒေါ်စန်းစန်းဝင်း၏ ခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းမြင့်၊ ဦးမြသန်း(မြန်မာ့အလင်း၊ ငြိမ်း)-ဒေါ်စန်းစန်းရီတို့၏အစ်ကိုကြီး၊ ဗိုလ်ကြီးရဲထွဋ်ဝင်း၊ မငြိမ်းငြိမ်းလတ်(နတလ ဦးစီးဌာန)၊ မောင်အောင်ဖြိုးဇင်တို့၏ဖခင်သည် ၁၇-၄-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၁း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းဝင်း(သိန်းဝင်းကြီး)
အကြီးတန်းသတင်းထောက် (ကြေးမုံသတင်းစာတိုက်)
အသက်(၅၂)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ ၁၀ လမ်း၊ အမှတ် ၁၀၃၄ နေ (ဦးဖုန်)-ဒေါ်ကြည်ညွန့်တို့၏ သားကြီး၊ (ဦးဖေသွယ်-ဒေါ်စိုးသင်)တို့၏ သားသမက်၊ ဒေါ်စန်းစန်းဝင်း၏ ခင်ပွန်း၊ ဗိုလ်ကြီးရဲထွဋ်ဝင်း၊ မငြိမ်းငြိမ်းလတ်(နတလ ဦးစီးဌာန)၊ မောင်အောင်ဖြိုးဇင်တို့၏ဖခင်၊ ဦးမောင်မောင်စိုး-ဒေါ်ခင်ခင်ဆွေ(ပြည်မြို့)၊ ဦးသက်ဝင်း(M.E.P.E၊ ရွှေပြည်သာမြို့)-ဒေါ်သန်းသန်းမြင့်၊ ဦးထွန်းထွန်း(လျှပ်စစ်)-ဒေါ်အုံးရင်၊ ဦးဝင်းနိုင်-ဒေါ်လှလှဝင်း၊ ဦးစိန်ထွန်း-ဒေါ်ခင်ခင်မော်၊ (ဦးဝင်းမြင့်)-ဒေါ်စပယ်တို့၏ ညီ/ အစ်ကိုဖြစ်သူ ဦးသိန်းဝင်းကြီးသည် ၁၇-၄-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၁း၄၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်ရီ(ခ)ဒေါ်ခင်တင့်
အသက်(၇၉)နှစ်

သာရဝေါ်မြို့နယ်၊ အိုင်တလုတ်ကျေးရွာနေ ဦးပန်းညို-ဒေါ်အေးချိုတို့၏သမီး၊ ဦးထွန်းမောင်-ဒေါ်သဲတို့၏ချွေးမ၊ (ဦးကံဆိုင်၊ဗဟိုစာရင်းရုံး)၏ဇနီး၊အမှတ် ၃၆၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဦးစိန်ဝင်း-ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်နွဲ့နွဲ့အေး(ရေယာဉ်စက်ရုံ)၊ (မောင်မြင့်အောင်)၊ ဒေါ်နွဲ့နွဲ့ဌေး (ပြည်သူ့ဆေးရုံ၊ မြောက်ဒဂုံ)၊ မောင်ဝင်းမြင့် (မြန်မာ့စီးပွားရေးဘဏ်၊ရုံးချုပ်)၊ မောင်လှမြင့်(မြို့နယ်စာရင်းရုံး၊ မြောက်ဒဂုံ)-မနွယ်နွယ်တို့၏မိခင်ကြီး၊ မသော်တာဝင်း၊ မောင်သူရိန်ဝင်း၊ မောင်အောင်မြတ်မိုး၊ အောင်စိုးရှိန်၊ ကျော်ဖြိုးဟိန်းတို့၏အဘွားသည် ၁၇-၄-၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြဟန်
(စား/ဖျော်၊ ငြိမ်း)(ကမာကဆစ်)
အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ဦးအောင်ဇေယျ ၁၀ လမ်း၊ အမှတ် ၁၄(က)နေ (ဦးသာဒွန်း-ဒေါ်ကြည်)တို့၏သမီး၊ (ဦးလှအောင်)၊ (ဦးစောလှ-ဒေါ်လှဝင်း)၊ ဦးဖေအောင်-(ဒေါ်မြသန်း)တို့၏ ညီမ၊ (ဗိုလ်သောင်း)၊ (ဦးအောင်ထွန်း)၏ဇနီး၊ (ဒေါ်ခင်မာဦး)၊ ဦးစိုးဝင်း-ဒေါ်ခင်မာစိုး၊ (ဦးလင်းရောင်)၊ဦးဌေးအောင်-ဒေါ်ချိုချို၊ (ဦးနေအောင်)၊ ဦးထင်အောင်-ဒေါ်သီတာဝင်း၊ ဦးနိုင်လင်း-ဒေါ်ကြည်ကြည်မာတို့၏မိခင်၊ မြေး ကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၇-၄-၂၀၀၄ ရက် နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါ နေအိမ်မှ ဒလမြို့ ခနိတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးဝင်းအောင်(ခ)
ပေါက်ပေါက်
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ မြေနီကုန်း၊ အမှတ် ၂၈၊ သီရိမင်္ဂလာလမ်းနေ (ဦးထွန်းမြင့်)-ဒေါ်ခင်ညွန့်တို့၏သား၊ (ဦးသောင်းအေး)-ဒေါ်စန်းမြင့်တို့၏သားသမက်၊ ဦးကျော်သန်း-ဒေါ်ခင်မေဦး၊ ဒေါ်နီနီမြင့်(Alice)၏မောင်၊ ဦးမိုးကျော်အောင်-ဒေါ်မွန်မွန်မြင့်၏အစ်ကို၊ ဒေါ်သန်းသန်းအေး(အထက-၃၊ ပန်းဘဲတန်း)၏ ခင်ပွန်းသည် ၁၆-၄-၂၀၀၄ရက် (သောကြာနေ့)ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ည ၇း၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၂၂-၄-၂၀၀၄ ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးလှိုင် (သပြု)
(ကမ္ဘာအေး)
အသက်(၈၂)နှစ်

သပြုရွာနေ (ဦးဆင့်-ဒေါ်စောညွန့်)တို့၏သမီးထွေး၊ ဒေါ်မမကြီး၊ (ဦးလှဖေ၊ ဒေါ်ပို၊ ဦးအောင်လှ၊ ဦးထွန်းမင်း၊ ဦးထွန်း လွင်၊ ဒေါ်အေးလှ၊ ဒေါ်အေးမြ၊ ဦးစံမြင့်) တို့၏ ညီမထွေး၊ အမှတ်၁၀၊ ခနသိဒ္ဓိ လမ်း၊ အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်နေ ဒေါ်ခင်အေး(အထက-၃၊ မြောက်ဥက္ကလာပ)၏ ဒေါ်လေးသည် ၁၇-၄-၂၀၀၄ရက်တွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ရက် (တနင်္လာနေ့)နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ကျော်မျိုးထွန်း
B.Sc, Phy, G.T.I(E.P)
(ကမာရွတ်)
အသက်(၂၅)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၂၀၊အခန်း ၂၄နေ ဦးကျော်မြင့်(အရာထမ်းဦး ဆောက်လုပ်ရေးကုမ္ပဏီ)-(ဒေါ်ဝင်းရီ)တို့၏သား၊ ကျော်ထွန်းဦး-မမိုးဌေးတို့၏ညီ၊ ပုံ့ပုံ့ကျော်၏အစ်ကို၊ မောင်ကျော်မျိုးထွန်း(Cyber Net Technology Co,Ltd.)သည် ၁၆-၄-၂၀၀၄ရက် (သောကြာနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ နံနက် ၁၁နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးညိုဝင်း(ခ)
စာရေးဆရာတက္ကသိုလ်မင်းညို
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရ ဝဏ်ရိပ်သာ ၁လမ်း၊ အိမ်အမှတ် ၂နေ (ဦးတင်-ဒေါ်ဝေ)တို့၏သား၊ ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ဦးထန်ခန်းနား၊ ဦးဝင်းမြင့်-ဒေါ်သန်းသန်းဇင်၊ ဦးအောင်ကျော်-ဒေါ်သီတာစိန်၊ ဦးသောင်းထွန်း(ဌာနခွဲ-၄၊ မထသ)-ဒေါ်မြမြစန်း(အထက-၃၊ ကမာရွတ်)၊ ဒေါ်စုစုဝင်း(အမက-၁၆၊ စမ်းချောင်း)၊ ဒေါ်နုနုဝင်း(အမက-၁၈၊ လှိုင်)-ဒေါက်တာသက်အောင်၊ ဦးကျော်ထွန်းတို့၏ဖခင်သည် ၁၆-၄-၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဦးကျော်လှ (စစ်တွေမြို့)
အသက်(၈၂)နှစ်

မင်းပြားမြို့နယ်(ဦးမောင်ဦးကျော်-ဒေါ်လှသန္တာ)တို့၏သား၊ ဦးမောင်သာထွန်း-ဒေါ်မမြသိန်း၊ ဦးသာထွန်းအောင်၊ ဒေါ်မအောင်သာ-(ဦးစိန်ညွန့်)တို့၏ အစ်ကိုကြီး၊ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၄)ရပ်ကွက်၊ ယောမင်းကြီး ၄ လမ်း၊ အမှတ် ၁၀၄၄ နေ (ဒေါ်စိုးသာ)၏ခင်ပွန်း၊ (ဒေါ်ဦးခင်လှ)-ဦးကျော်ဇံ မောင်(ကျန်းမာရေးမှူး၊ ငြိမ်း)-ဒေါ်လှအေးခင် (မန်နေဂျာ၊ မြန်မာ့ကြံလုပ်ငန်း)၊ ဒေါ်ခင်စိုးလှ(ခ) ဒေါ်ဘုလေး-ဦးအောင်ကျော်စိန်(ဦးစီးမှူး၊ သမဝါယမဦးစီးဌာန၊ ဗိုလ်တထောင်မြို့နယ်)၊ ဒေါ်မလုံး(ခ) ဒေါ်လှကျင်-ဦးစိုးလင်း၊ ဦးစိုးရွှေ(ခ) ဦးစောဝင်း-ဒေါ်မခိုင်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးရှင်သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) နေအိမ်၌ ၁၇-၄-၂၀၀၄ရက် (စနေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်စွမ်ကြူ(ခ)ဒေါ်ကောက်ပို့
(ကျောက်တန်းမြို့)
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့(အလယ်ပိုင်း)၊ မင်းလမ်း၊ အမှတ် ၅၁ နေ [ထန်ကျန်နာ(ခ)ဦးမောင်စိန်-ရပ်ဝါတီ]တို့၏သမီး၊ အုံကျင်ပုံ၏ဇနီး၊ ဦးတင်အောင်-ဒေါ်စန်းစန်းဌေး၊ မချိုချိုလွင်၊ မချိုချိုမာ၊ မရီလေးနွယ်၊ မောင်မျိုးမြင့်အောင်တို့၏မိခင်၊ မသဥ္ဇာအောင်၊ မအေးနှင်းဖြူ၊ မောင်ကောင်းထက်ကျော်တို့၏အဘွား၊ ဦးရဲဝင်း-(ဒေါ်ကျင်မြ)၊ (ဦးစိန်သင်း-ဒေါ်ကျင်ပို့)တို့၏ညီမ၊ (ဦးဟုတ်စွမ်-ဒေါ်ခင်နု)၊ (ဦးဟုတ်ဂွမ်)-ဒေါ်လှမြင့်၊ ဦးဟုန်မော်၊ ဒေါ်စောလှိုင်၊ (ဦးအေဝမ်း)-ဒေါ်စွမ်တီ၊ ဦးကျင်မှတ်၊ ဒေါ်စွမ်နီးတို့၏ အစ်မသည် ၁၄-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၂း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၀၄ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ကျောက်တန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအောင်နိုင်ဦး
အလုပ်ရုံခွဲမှူး
(တပ်မတော်/ချည်ထည်)သမိုင်း
အသက်(၅၃)နှစ်

ချောက်မြို့၊ဈေးရပ်နေ(ဦးစိန်ဟိုး-ဒေါ်အုံးကြည်)တို့၏သား၊ တောင်ဥက္ကလာပ မေတ္တာလမ်းနေ ဦးဟန်သိန်း-ဒေါ်ငွေသန်းတို့၏ သားသမက်၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ စက်မှုရိပ်သာ၊ တိုက် ၁၆/အခန်း ၄ နေ ဒေါ်ဝေဝေခိုင်၏ ခင်ပွန်း၊ ကိုတိုးဝေအောင်-ဒေါ်ယဉ်ယဉ်ခိုင်၊ ကိုကောင်းမြတ်ကျော်တို့၏ဖခင်သည် ၁၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၀၄ရက် (သောကြာနေ့)တွင် အထက်ပါ နေအိမ်၌ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးတင်မောင်(ခ)ဦးပေါက်စ
ဗဟိုစံပြ ငါးဈေးကြီး
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ၈ နေ (ဦးပိန်-ဒေါ်ငွေရှိန်)တို့၏ သား၊ ဒေါ်စောရင်၏ သားသမက်၊ ဒေါ်ခင်ပြုံးပြုံး၏ခင်ပွန်း၊ ဦးလှရွှေ(ခ) ရော်နီရာဇီ-ဂိုးလ်တကျိ၊ ဦးကျော်နီ-ဒေါ်ခင်အေးမြင့်၊ ဦးဝင်းမြင့်-ဒေါ်ခင်လှတို့၏ညီမောင်၊ ဦးတင်ဝင်း၊ ဦးခင်မောင်-ဒေါ်သိန်းသိန်း၊ ဦးကိုကိုကြီး-ဒေါ်တင်လှ၊ ဦးမြင့်အောင်-ဒေါ်ခင်မြတို့၏အစ်ကို၊ မောင်ဇော်လင်းမောင် (1^{st} Year, History)၊ မောင်ဇော်ဝင်းမောင်တို့၏ဖခင်သည် ၁၇-၄-၂၀၀၄ရက် (စနေနေ့) နံနက် ၅း၂၀ နာရီတွင် ဆာကူရာဆေးခန်းတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်
သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ မြသိန်းတန်ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဖြစ်တော်မူခဲ့သော ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်သည် (၁၃၆၅ ခုနှစ် တန်ခူးလဆန်း ၉ ရက်) ၂၉-၃-၂၀၀၄ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၇ရက်) ၂၅-၄-၂၀၀၄ရက်တွင် အန္တိမအဂ္ဂိစျာပနပွဲ ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ထန်းတပင်မြို့၊ရန်ကုန်တိုင်း။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဘဒ္ဒန္တပညာဝံသ
သာသနဝိဘာစနီကျောင်း၊ သရက်ကုန်းကျေးရွာ၊ အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်း
သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၁)ဝါ

ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ သရက်ကုန်း ကျေးရွာ၊ သာသနဝိဘာစနီကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တပညာဝံသသည် ၁၃၆၅ခုနှစ်နှောင်းတန်ခူးလဆုတ် ၁ ရက် (၅-၄- ၂၀၀၄)ရက် တနင်္လာနေ့ နံနက် ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၅ ရက် (၂၃-၄-၂၀၀၄)ရက် သောကြာနေ့တွင် အန္တိမအဂ္ဂိစျာပနပွဲပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆရာတော်၏ ဆွေတော်မျိုးတော်တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ ဒါယိကာမများ
ဈာပနကျင်းပရေးကော်မတီ၊ သရက်ကုန်းကျေးရွာ၊ အိမ်မဲမြို့။

ဒေါ်လန် (မြိတ်)
အသက်(၉၅)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဗဟိုလမ်း၊ အမှတ်၄၀နေ (ဦးဘဟုန်)-ဒေါ်စိုးဖိန်တို့၏ညီမ၊ ဒေါ်ငန့်၊ ဦးဘရှင်တို့၏ အစ်မ၊ ဦးသန်းလွင်-ဒေါ်သိန်းသိန်းရီတို့၏ မွေးစားမိခင်၊ဦးရဲမြင့်ဦး-ဒေါ်ခင်မြင့်၊ ဒေါက်တာအေးငွေ-ဒေါ်သန်းသန်းရီ၊ ဦးခွန်ယု-ဒေါ်ခင်မြင့်တင်၊ဦးသန်းစိုး-ဒေါ်ခင်မူတို့၏အဒေါ်သည် ၁၆-၄- ၂၀၀၄ ရက် (သောကြာနေ့) နံနက် ၁၀း၄၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၈-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမြညွန့်
အထက(၂)ရန်ကင်း၊ အမက(၂)ရန်ကင်း(ငြိမ်း)
အသက်(၇၆)နှစ်

မော်လမြိုင်မြို့နေ (ဦးတင်-ဒေါ်သန်းတင်)တို့၏သား၊ရန်ကုန်မြို့၊တိုက်၁/၅၊ မာလာမြိုင်လမ်း၊ ဘောက်ထော်နေ ဒေါ်မေမေခန့်၏ခင်ပွန်း၊ (ကိုအောင်မော်)၊ ဦးကျော်ဗလ-ဒေါ်သန်းသန်းစော (အမက-၁၀၊ရန်ကင်း)၊ ဒေါ်ကြူကြူသင်း၊ ဒေါ်ရီရီတင့်(ပထဝီဌာန၊ ပြည်တက္ကသိုလ်)၊ ကိုအေးမော်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၆-၄-၂၀၀၄ရက် ညနေ၃း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်လဲ့လဲ့ဝင်း
M.Sc°(Zoology)
သရုပ်ပြဆရာမ(ငြိမ်း)
(သတ္တဗေဒဌာန)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ အမှတ်၉၈၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်နေ ဦးချို-ဒေါ်လှဝင်းတို့၏သမီးထွေး၊ ဒေါ်စန်းစန်းဦး(ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)၊ ဦးမြင့်ဦး-ဒေါ်ဝင်းဝင်းအေးတို့၏ညီမသည် ၁၇-၄-၂၀၀၄ ရက်(စနေနေ့) နံနက် ၈း၁၃ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
မောင်ရှိုင်းအောင်လွင်(ခ)
Suan Lian Sian Saang
အသက်(၁)နှစ် (၆)လ

ရန်ကုန်မြို့နေ ဦးမောင်လှ-ဒေါ်ရင်ရင်မေတို့၏မြေး၊ မနွယ်နွယ်၊ မောင်ကျော်စွာလွင်၊ မောင်ဉာဏ်ဝင်း၊ မောင်အောင်ကြီး၊ မောင်ဇော်ကြီးတို့၏တူလေး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ စိန်နဂါးတိုက်၊ အခန်း၄၀နေ ဦးစိန်လွင်-ဒေါ်နယ်လီမန်းတို့၏သား၊ မပိုးနန္ဒာလွင်၊ မပိုးသန္တာလွင်တို့၏မောင်သည် ၁၆-၄-၂၀၀၄ ရက် ၇း၃၅နာရီတွင် ကလေးဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၄-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်နှင့် မောန္ဓေလဘုရားကျောင်းရှေ့မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြူးရင်
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊၁၁ ရပ်ကွက်၊ ၁၀လမ်း၊ အမှတ် ၄၂၀ နေ ကိုခင်အေး၊ ကိုမောင်မောင်-မတူး၊ မမြင့်မြင့်သန်း-ကိုကြည်ဝင်း၊ ကိုကြည်ဝင်း(ပီတာ)-မဌေးဌေးဝင်း၊ ကိုကြည်လင်း(ပေါလ်)၊ ကိုသိန်းဇံ(တူးတူး)-မမြင့်မြင့်ဆွေ(သဃ်န်းကျွန်း ပညာရေးကောလိပ်)တို့၏မိခင်၊ မသန္တာ၊ မခင်မျိုးသူ၊ မနိုနိုကို-မောင်မြတ်သွယ်၊ မောင်ဟိန်းထက်အောင်တို့၏အဘွားသည် ၁၇-၄-၂၀၀၄ ရက် (စနေနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တန်ရှူဘီ(ခ)ဒေါ်မြသန်း
(အနောက်ရန်ကင်း)
အသက်(၈၀)

မကွေးတိုင်း၊ မကွေးမြို့နေ (ဦးစစ်ရုတ်-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုန်နာအဆင့်မြင့်အိမ်ရာ၊ အမှတ် ၄၈(ခ)နေ [လင်ဟိုချီ(ခ)ဦးကိုကြည်]၏ဇနီး၊ ဦးထွန်းစိန်-ဒေါ်ခင်ခင်ဝင်း၊ (ဒေါ်ရီရီတင်)၊ ဦးထွန်းကြည်-ဒေါ်ခင်နု၊ ဦးထွန်းမင်း-ဒေါ်ညွန့်ညွန့်စိန်၊ ဦးထွန်းလင်း-ဒေါ်ကြည်ကြည်ဌေး၊ ဒေါ်ရီရီခင်-ဦးမြင့်သိန်း၊ ဒေါ်ရီရီမြင့်-ဒေါက်တာငွေဌေး၊ ဦးထွန်းဝင်း-ဒေါ်တင်တင်ဝင်းတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၂-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက်တွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးထွန်းရင် (ဦးကြူးခွေ)
(ရေတာရှည်)
အသက်(၆၆)နှစ်

(ဦးတိတ်စိန်-ဒေါ်ဖီယာ)တို့၏သား၊ (ဦးရှိန်-ဒေါ်မြရီ)တို့၏ သားသမက်၊ ရေတာရှည်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းနေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ကိုထွန်းထွန်းဦး-မခင်မေစီ၊ မမျိုးမျိုးထွန်း၊ ကိုညီညီထွန်း၊ မမေတိုးယဉ်တို့၏ဖခင်၊မယမင်းအောင်၏အဘိုးသည်၁၆-၄-၂၀၀၄ရက်(သောကြာနေ့) ည ၁၀း၃၅နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၈-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆီးရီးယားအာရပ်သမ္မတနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၁၇

၂၀၀၄ ခုနှစ် ဧပြီ ၁၇ ရက်၌ ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆီးရီးယား အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘာရှာအယ်(လ်)အာဆက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကျိုက်ထီးရိုး စေတီတော်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ကြည်ညိုသပ္ပာယ်ဖွယ်ရာ ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

နှစ်သစ်မင်္ဂလာအခါတော်နေ့ မြို့တော်တစ်ခွင်ကုသိုလ်ဝေစည်

ရန်ကုန် ဧပြီ ၁၇

နှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါတော်နေ့တွင် ရန်ကုန်မြို့တော် မြို့နယ်အသီးသီးရှိ ရပ်ကွက်များ၌ သက်ကြီးပူဇော်ခြင်း၊ မြန်မာ့ရိုးရာ အစားအစာ၊ အအေးစသည်တို့ကို ကျွေးမွေးလှူဒါန်းသည့် စေတနာ့ဒါနပြုခြင်း၊ သားငှက် တိရစ္ဆာန်များကို ဇီဝိတဒါန အဘယဒါနအဖြစ် ဘေးမဲ့လွှတ်ခြင်း၊ ရဟန်းသံဃာများအားဖူးမြော်ကြည်ညို၍ ပရိတ်တရားရွတ်ဖတ်ခြင်းနှင့် ကမ္မဝါရွတ်ဖတ်ခြင်းတို့ကို နာကြားခြင်း စသည့်ကုသိုလ်ပုညများ ပြုစုဆည်းပူးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော် ရင်ပြင်တော်ရှိ ရွှေနန်းကျင်ဗိမာန်ဖွင့်ပွဲအခမ်းအနားတွင် ရွှေနန်းကျင်ဗိမာန်ကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မုဆိုးတောင်စေတီရွှေထီးတော်တင်လှူ ကောင်းကျိုးချမ်းသာမင်္ဂလာ ခညောင်းသည့်နေ့ မြတ်ဖြစ် မွန်ပြည်နယ်ကိုရော်ဘာပြည်နယ်ဖြစ်စေရေး ပုဂ္ဂလိကကဏ္ဍကိုစည်းရုံး ကူညီပံ့ပိုးမှုများဆောင်ရွက်ပေး နိုင်ငံတော်၏ရည်မှန်းချက်များအောင်မြင်ရေး တာဝန်ရှိသူများစေတနာပေါင်းစပ် စုပေါင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်နယ်မြေရှိ မုဆိုးတောင်သို့ နံနက် ၉ နာရီတွင် ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ယနေ့ထုတ် စောင်ရေ ၂၀၁၁၄၃

တင်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်နယ်မြေရှိ မုဆိုးတောင် စေတီ တံခွန်တိုင်အထွတ်တွင် စိန်ဖူးတော်၊ ရွှေထီးတော်တို့ကို တင်လှူ ပူဇော်စဉ်။ (သတင်းစဉ်)